လူထုဆက်သွယ်ရေး။ သတင်းပြန်ကြားရေး

International
Labour
Organization

# SCREAM

## ကလေးအလုပ်သမားကို ရပ်ပစ်

ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး
လမ်းကြောင်းများမှတဆင့်ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း။



# SCREAM

**ကလေးအလုပ်သမားကို ရပ်ပစ်**

ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး လမ်းကြောင်းများမှ
တဆင့်ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း။

# လူထုဆက်သွယ်ရေး။ သတင်းပြန်ကြားရေး

ILO (အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့)

မူပိုင်ခွင့် - အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ၂၀၁၇
ပထမအကြိမ်ထုတ်ဝေခြင်း ၂၀၁၇
အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာရုံး၏ ထုတ်ဝေမှုကို အပြည်ပြည်ဆိုင်ရာမူပိုင်ခွင့်ရေးရာ သဘောတူညီချက် အမှတ် (၂)မှ အချက်များနှင့်အညီ ဆောင်ရွက်ထားပါသည်။ သို့သော်လည်း ထုတ်ဝေထားသည်များမှ ခွင့်ပြုချက်မရရှိဘဲ ကောက်နုတ်ဖော်ပြမှု များအတွက် ရင်းမြစ်ရယူရာနေရာကို ဖော်ပြ ရမည်ဖြစ်သည်။ ပြန်လည်ထုတ်ဝေခြင်း သို့မဟုတ် ဘာသာပြန်ဆိုခြင်းများအတွက် ILO ထုတ်ဝေခြင်းဆိုင်ရာဌာန (အခွင့်အရေးများနှင့်လိုင်စင်ဆိုင်ရာ)၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၊ CH -1211၊ ဆွစ်ဇာလန်သို့ လည်းကောင်း သို့မဟုတ် rights@ilo.org သို့ အီးမေးလ် ပို့၍ လည်းကောင်း လျှောက်ထားနိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံးမှလည်း ထိုသို့ လျှောက်ထားမှုများကို ကြိုဆိုပါသည်။
ပြန်လည်ထုတ်ဝေခွင့်ဆိုင်ရာ ခွင့်ပြုချက်များရရှိထားသည့် စာကြည့်တိုက်များ၊ အဖွဲ့အစည်းများနှင့် အခြားသော မှတ်ပုံတင်ထားသူများ သည် ၎င်းတို့ကို ခွင့်ပြုထားသည့် ထုတ်ဝေခွင့်ဆိုင်ရာ လိုင်စင်ပါအချက်များနှင့်အညီ မိတ္တူပွား ဖြန့်ဝေရမည်ဖြစ်သည်။ သင်၏နိုင်ငံတွင် ရှိသော ပြန်လည်ထုတ်ဝေခွင့် ဆိုင်ရာ မူပိုင်ခွင့်များကို သိရှိနိုင်ရန်အတွက် www.ifrro.org သို့ဝင်ရောက်လေ့လာနိုင်ပါသည်။

---

IPEC
ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း (SCREAM) - ပညာရေး ပစ္စည်းများ/ အပြည်အပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ၏ အပြည်ပြည်ဆိုင်ရာ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ် (IPEC) - မြန်မာ - ILO , ၂၀၁၇

ISBN: 9782-831294-2-92- (Print), 9789-831295-2-92- (Web PDF)

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ၏ ILO အပြည်ပြည်ဆိုင်ရာ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ်

အင်္ဂလိပ်ဘာသာဖြင့်လည်း ဖတ်ရှုနိုင်သည်။ Supporting children's rights through education, the arts, and media (SCREAM): Education Pack (ISBN 9784-113240-2-92-), Geneva, 2002; အခြားသော ဘာသာစကား ၂၀ ဖြင့်လည်း ကြည့်ရှုနိုင်သည်။ http://www.ilo.org/ipec/Informationresources/WCMS_IPEC_PUB_1559/lang--en/index.htm.

ထုတ်ဝေမှုဆိုင်ရာအချက်အလက်များအတွက် ILO ၏ ကတ်တလောက်ထားရှိပုံ

**မှတ်စု**

ဤစာစောင်သည် ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း (SCREAM)- ပညာရေး ပစ္စည်းများဖြစ်သည်။ IPEC မှ ကလေးအလုပ်သမား ပပျောက်ရေးအတွက် လှုပ်ရှားမှုတိုးမြင့်ရန် အလို့ငှာ ဤထုတ်ဝေခြင်း၏ အပိုင်းအားလုံး သို့မဟုတ် ဘာသာပြန်ဆိုမှု သို့မဟုတ် ဆီလျော်အောင်ပြုပြင်ခြင်း၊ ထပ်မံထုတ်ဝေခြင်း၊ ပြန်လည်ပုံနှိပ်ခြင်းများပြုလုပ်ရန် တိုက်တွန်း ထားသည်။
ဤပညာရေး ပစ္စည်းကို အီတာလီ အစိုးရမှ ထောက်ပံ့ထားသည့် IPEC စီမံကိန်း INT/99/M06/ITA ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၀၂ ခုနှစ် တွင် ထုတ်ဝေခဲ့ပါသည်။
မြန်မာဘာသာဖြင့်ထုတ်ဝေမှုအတွက် ရံပုံငွေကို အမေရိကန်နိုင်ငံ အလုပ်သမားရေးရာဌာန မှကျခံပါသည် (Project MMR/1310//USA)။
ဤထုတ်ဝေမှုသည် အမေရိကန်အလုပ်သမားရေးရာဌာန၏ မူဝါဒများ သို့မဟုတ် အမြင်ရှုထောင့်များ၊ အမေရိကန်အစိုးရမှ ထောက်ခံခွင့်ပြုထားသည့် ကုန်သွယ်ရေးအမည်နာမများ၊ စီးပွားရေးထုတ်ကုန်များ သို့မဟုတ် အဖွဲ့အစည်းများကို ညွှန်းဆို ထင်ဟပ်ဖော်ပြထားခြင်းမဟုတ်ပါ။

---

ILO ထုတ်ဝေမှုများတွင် ရွေးချယ်သတ်မှတ်ချက်ခန့်ထားမှုများမှာ ကုလသမဂ္ဂ၏ အစဉ်အလာ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ထည့်သွင်းတင်ပြသည့် အကြောင်းအရာများသည်လည်း မည်သည့်နိုင်ငံ၊ ဧရိယာ သို့မဟုတ် နယ်ပယ် သို့မဟုတ် အာဏာပိုင်များ၊ ယင်းနိုင်ငံ၏ နယ်နိမိတ်အကန့်အသတ် တို့နှင့် သက်ဆိုင်သော ဥပဒေအကြောင်းခြင်းရာများ အပေါ်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ရုံး၏ ထင်မြင်ယူဆချက်များကို ညွှန်းဆို ဆောင်ရွက်ထားခြင်း မဟုတ်ပါ။
သုံးသပ်တင်ပြသည့် ဆောင်းပါးများ၊ လေ့လာမှုများနှင့် အခြားသော အကြံပြုဆွေးနွေးမှုများတွင် ပါရှိသည့် အယူအဆ ထင်မြင်ချက်များသည် ၎င်းတို့ကိုရေးသားသူများအပေါ်တွင်သာ လုံးဝသက်ဆိုင်တာဝန်ရှိပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ရုံးမှ ထိုဖော်ပြချက်များအပေါ်တွင် ထောက်ခံအကြံပြုခြင်း မပါဝင်ပါ။
စီးပွားရေးလုပ်ငန်းများနှင့် စီးပွားဖြစ်ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ လုပ်ငန်းစဉ်များ၏ အမည်များကို ကိုးကားဖော်ပြခြင်း များသည် ILO ရုံးမှ ထောက်ခံတင်ပြထားခြင်း မဟုတ်ဘဲ ထိုသို့သော စီးပွားရေးလုပ်ငန်းများ၊ ကုန်ပစ္စည်းများ၊ လုပ်ငန်းများ ၏အမည်များကို မဖော်ပြခြင်းသည်လည်း ထည့်သွင်းရန် သဘောမတူကြောင်း ပြသခြင်းမဟုတ်ပါ။
ILO မှထုတ်ဝေမှုများနှင့် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ထုတ်ကုန်များကို အကြီးစား စာအုပ်ရောင်းဝယ်သူများနှင့် ဒစ်ဂျစ်တယ် နည်းပညာ ဖြန့်ဝေမှု ပလက်ဖောင်းများမှ တဆင့် ရရှိနိုင်ပြီး ilo@turpin-distribution.com မှလည်း တိုက်ရိုက် မှာယူ ရရှိနိုင်ပါသည်။ အချက်အလက်များပိုမိုရယူလိုပါက www.ilo.org/publns သို့မဟုတ် ilopubs@ilo.org သို့ဆက်သွယ်ပါ။

www.ilo.org/ipec သို့ဝင်ရောက်ကြည့်ရှုပါ

PDF ဖြင့်သာ ကြည့်ရှုနိုင်သည်။



**ဦးတည်ချက်။** ကလေးအလုပ်သမားအရေး ဆွေးနွေးအဖြေရှာရမည့်ကိစ္စကို လူထုမှအာရုံစိုက်လာရန် လူထုဆက်သွယ် ရေးဖြင့် ဆက်သွယ်မှုပြုရန်။ လူထုဆက်သွယ်ရေး မည်သို့လုပ်ဆောင်သည်ကို သိရှိနားလည်သဘောပေါက်သွားမည်။ သတင်းထုတ်ပြန်ချက်ရေးသားပုံ သင်ယူပြီးယင်းကို ပုံနှိပ်ဖြန့်ချိ နိုင်စေမည်။



**အကျိုးအမြတ်။** လူထုပူးပေါင်းပါဝင်ရေးနှင့် အသိတရားတိုးမြှင့်ရေးဆောင်ရွက်နိုင်မှု ပိုမြင့်လာပြီးဆင့်ပွား အကျိုး သက်ရောက်မှု တိုးပွားလာသည်။

## အချိန်။

သင်ကြားချိန် နှစ် ချိန်နှင့် နှစ်ချိန်ဆက် နှစ်ခါ

## စေ့ဆော်မှု



ကလေးအလုပ်သမား ပပျောက်ရေးလှုပ်ရှားမှုတွင် ရပ်ရွာသက်ဝင်လှုပ်ရှား လာစေရေးအတွက် အဓိကကျသည်မှာ လူထုဆက်သွယ်ရေးဖြစ်သည်။ ကမ္ဘာ အနှံ့ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် သတင်းချက်ချင်းထုတ်ပြန်နေ သည့်ယခု အချိန်ကာလတွင် လူထုဆက်သွယ်ရေးကို ပိုင်နိုင်စွာအသုံးချခြင်းသည် အရေးကြီးပါသည်။ ကလေးအလုပ်သမား အကြောင်းကို ရပ်ရွာအသိတရားတိုး ပွားမှုထိရောက်ရေး ကျယ်ပြန့်လာရေးတွင် ယင်းကိုပံ့ပိုးမှုပေးနိုင်စွမ်းရှိသည့် အရင်းအမြစ်အဖြစ်သုံးရပါမည်။

လူထုဆက်သွယ်ရေး လုပ်ငန်းစု နှစ်ခု ထည့်ထားပါသည်။ ယခုလုပ်ငန်းစုသည် သတင်းပြန်ကြားရေးနှင့် ပတ်သက်၍ ရေးသားခြင်းနှင့် ဆိုင်ပါသည်။ ၎င်းမှာ သတင်းစာ၊ မဂ္ဂဇင်းတို့ဖြစ်သည်။ နောက်တစ်ခုမှာရေဒီယိုနှင့် ရုပ်သံလွှင့်ဖြင့် ဆိုင်သည်။ လူရွယ်များအနေဖြင့်၎င်းတို့၏ စီမံချက်တွင် လူထုဆက်သွယ်ရေးကိုမည်သို့ ထည့်သွင်းနိုင်သည် ဆိုသည်နှင့်



ဎင်းတို့မည်သည်တို့ လုပ်ဆောင်နေသည်၊ ရပ်ရွာလူထုအနေဖြင့် မည်သို့ကူညီနိုင်သည်တို့ကို ရပ်ရွာထဲမှ လူထုအများအပြားအား အသိပေးနိုင်ရန်လုပ်ငန်းစု နှစ်ခုစလုံးက ပြုလုပ်ပေးပါသည်။

## အသုံးပြုမည့်သူအတွက် မှတ်စု

ဤလုပ်ငန်းစု မစမီသုတေသနနှင့် သတင်းအချက်အလက်လုပ်ငန်းစုကို ဆောင်ရွက်အကောင်အထည် ဖေါ်သင့်သည်။ သတင်းဖြတ်ပိုင်းများ သိမ်းဆည်းခြင်း လေ့ကျင့်ခန်းတွင် အုပ်စုအဖွဲ့ဝင်များသည် သတင်းစာနှင့် မဂ္ဂဇင်းများတွင်ပါသော ကလေးအလုပ်သမားနှင့် ဆိုင်သည့် ဆောင်းပါးများကိုကူးယူ ကြပါသည်။ လူ့အခွင့်အရေးနှင့် ဆိုင်သောဆောင်းပါးများလည်းပါဝင်သည်။ ယင်းဖြတ်ပိုင်းများကို စိစစ်လေ့လာသည့်အခါ သတင်းခေါင်းစဉ်များ၊ အဖွင့်စကားပိုဒ်၊ သတင်းအကြောင်းအရာအစရှိသည်တို့ သည်အဘယ်ကြောင့် အမြင်ကိုဖမ်းစားနိုင်သည်ကို ပို၍သိရှိနားလည်လာကြသည်။ ယင်းတို့သည် ဤလုပ်ငန်းစုတွင် ပါဝင်သောလေ့ကျင့်ခန်းများကိုပို၍ ပြည့်စုံစေမည် ဖြစ်သည်။

လူထုဆက်သွယ်ရေးလုပ်ငန်းစု၏ အားသာချက်မှာ လူငယ်များတတ်ကျွမ်းလာခဲ့ပြီးသော စွမ်းဆောင်ရည်များနှင့် ကျွမ်းကျင်မှုများကို လက်တွေ့ကျင့်သုံးလာစေရန် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်သည်။ ၎င်းတို့ သင်ယူတတ်မြောက်ခဲ့ သည်တို့၏ လက်တွေ့အကျိုးရှိမှုကို မျက်မြင်တွေ့ကြရမည်ဖြစ်သည်။ လူငယ်များသည် ကလေးအလုပ်သမား၏ ယုံတမ်းပုံပြင်နှင့် မကောင်းဆိုးရွားမှုများကို ကမ္ဘာအနှံ့ရှိနေသည့် ၎င်းတို့၏သက်ရွယ်တူများ နားလည်သဘောပေါက် စေ သည့်ပုံစံမျိုးဖြင့်ပြောပြနိုင်သည်။ ၎င်းတို့သည်ဇာတ်လမ်းများ ဖေါ်ထုတ်နိုင်သည်။ အကူအညီပေးရန်မေတ္တာရပ် တောင်းခံနိုင်သည်။ အရေးယူဆောင်ရွက်ရန်ပြောနိုင်သည်။ ယင်းတို့ အားလုံးကိုလူထုဆက်သွယ်ရေးမှတဆင့် လုပ်ဆောင်ပေးနိုင်သည်။ ဤလုပ်ငန်းစုကို ဆန်းသစ်ရေးသားခြင်းကဲ့သို့သော အခြားလုပ်ငန်းစုများဖြင့် အလွယ်တကူ ပေါင်းစပ်နိုင်သည်။ ၎င်းတို့၏ ဆန်းသစ်ရေးသားနိုင်သော စွမ်းရည်များသည် သတင်းထုတ်ပြန်ချက်ရေးခြင်းနှင့် သတင်းစာဆရာများနှင့် အယ်ဒီတာများထံ စာရေးရာတွင် အထောက်အကူရရှိစေပါသည်။

အရေးကြီးသော ဆွေးနွေးအဖြေရှာရမည့်ကိစ္စရပ်များအ တွက် လူငယ်များအား တာဝန်ပေးအပ်ခြင်းသည် ရှားပါး လှပါသည်။ ရပ်ရွာအတွင်း၎င်းတို့အတွက် နေရာရရှိစေရန် ဆောင်ရွက်နိုင်သည့် ရှားပါးသောအခွင့်အလမ်းကို ယခု လုပ်ငန်းစုကပေးပါသည်။ ခေတ်သစ်စီးပွားရေးတွင် လူထုဆက်သွယ်ရေးဖြင့် လက်တွဲဆောင်ရွက်ခြင်းသည် လိုအပ် သော ကျွမ်းကျင်မှုတစ်ခုဖြစ်လာသည်။ သတင်းနှင့် သတင်းအချက်အလက်များသည် လူအများအပြား၏ဘဝတွင် အရေးပါသောအခန်းတွင် နေရာယူလာ၍ဖြစ်သည်။ ဤကျွမ်းကျင်မှုသည် ၎င်းတို့၏ အနာဂါတ်ပညာရေးနှင့် သက်မွေး ဝမ်းကြောင်းတို့တွင် ကောင်းစွာအသုံးဝင်မည်ဖြစ်ပြီး ဤလုပ်ငန်းစုများမှ သင်ယူတတ်မြောက်ခဲ့မှုများသည် ၎င်းတို့ဘဝ တွင် အမြဲရှိနေမည်ဖြစ်သည်။

ဤလုပ်ငန်းစုသည် ပုဂ္ဂိုလ်ရေးဆိုင်ရာ ဖွံ့ဖြိုးမှုဖြစ်စဉ်ကိုပို၍ အသေးစိတ်စေပါသည်။ ဤလုပ်ငန်းကို ဆောင်ရွက် အကောင်အထည်ဖေါ်ခြင်းသည် သင်နှင့်အတူဆောင်ရွက်နေသော လူငယ်များ၏အစွမ်းအစနှင့် စရိုက်လက္ခဏာများကို

ဆန်းစစ်ရာတွင်သင့်အတွက် အထောက်အကူဖြစ်စေမည် ဖြစ်သည်။ ခေါင်းဆောင်မှုအရည်အချင်း၊ ပြောဆိုဆက်သွယ် ခြင်းနှင့် ခံစားနိုင်သည့် အရည်အသွေးများကို ဖေါ်ထုတ်နိုင်ပါသည်။

## ကြိုတင်ပြင်ဆင်ခြင်း

သတင်းဆိုသည်မှာ ယနေ့ဖြစ်ပျက်နေသည့်အရာ ဖြစ်သည်။ သင့်စီမံချက်အကြောင်း ယခုဘာဖြစ်နေသည်ဆိုသည်ကို ပြောရပါသည်။ ပြီးသွားပြီးနောက် ရက်သတ္တပတ်များစွာကြာမှ မပြောရပါ။ ပညာပေးသူတစ်ယောက်အနေဖြင့် ဤလုပ်ငန်းစုကို မည်သည့်အချိန်တွင် ဆောင်ရွက်အကောင်အထည် ဖေါ်မည်ကို စဉ်းစားရန်လိုသည်ဟုဆိုလိုပါသည။ သေချာစွာ စီစဉ်ထားရှိရပါသည်။



သင်နှင့်သင့်အုပ်စုသည် ဒေသတွင်းမှ သတင်းစာဆရာများနှင့် သတင်းစာအယ်ဒီတာများဖြင့် သတင်းထုတ်ပြန်ချက် မပေးပို့မီ ဆက်သွယ်မှုရှိထားရပါမည်။ သင်၏သတင်းထုတ်ပြန်ချက်သည် နောက်ရက်အနည်းငယ် အတွင်းရောက်ရှိ လာမည်ကို အယ်ဒီတာများအားကြို တင်အသိပေးထားရသည်။ သူတို့အတွက် ဘာဖြစ်မည် ကိုကြိုတင်တွေးဆထား ရန်လိုပါသည်။ ၎င်းတို့အနေဖြင့် နောက်ထုတ်ဝေမည့်စာစောင်အတွက် ပြင်ဆင်ရပါသည်။ ၎င်းတို့ဖြင့် ဆက်သွယ်ထား ခြင်းဖြင့် သတင်းထုတ်ပြန်ချက်ကို ချက်ချင်းပြုလုပ်မည်လား သို့မဟုတ် နောက်အပတ်သတင်းဖေါ်ပြရန် နေရာရှိသည့် အခါမှ ပို့မည်လားဆိုသည်ကို သင့်အနေဖြင့် ပထမဆုံးစတင်သိရှိမည်ဖြစ်သည်။ ပုံနှိပ်ထုတ်ဝေခြင်းပြုမည်မဟုတ်ဟု သင်သိထားသည့် သတင်းစာတိုက်သို့ သတင်းထုတ်ပြန်ချက်ရေးသားခြင်းသည် ကောင်းသောစိတ်ကူးမဟုတ်ပါ။ အုပ်စု အတွက် စိတ်ဓါတ်ကျသွားစေနိုင် ပါသည်။ အချိန်ကိုက်ဆောင်ရွက်ခြင်းသည် အရေးကြီးပါသည်။

သတင်းဆောင်းပါးများတွင် ရုပ်ပုံများပါလျှင် ပို၍အကျိုးသက်ရောက်နိုင်ပါသည်။ သတင်းစာအယ်ဒီတာ သို့မဟုတ် သတင်းစာဆရာဖြင့် သင်ပြောဆိုသည့်အခါ သတင်းဓါတ်ပုံများ ရယူနိုင်သည်ဆိုသည်ကို အကြံပြုပါ။ ဥပမာ - ပြင်ပမှ ဟောပြောမည့်သူ သို့မဟုတ် ထင်ရှားကျော်ကြားသူများ လာရောက်မည့်အကြောင်းအစ ရှိသည်တို့ဖြစ်သည်။ လုပ်မည့် နေရာ၊ အချိန်စသည်တို့ကို ဓါတ်ပုံဆရာကို အသေးစိတ်ပေးသိထားပါ။ ထိုအခါ ထိုပုဂ္ဂိုလ်အနေဖြင့် အချိန်သိပ်ယူနေစရာ မလိုပါ။ ၎င်းတို့သည်လည်း အလွန်အလုပ်များသူများ ဖြစ်သည်။ အကျိုးဆောင်သတင်းသမားများသည်လည်း အချိန်ကိုက် လုပ်ဆောင်ရပါသည်။

## ပြင်ပအထောက်အကူ

ဤလုပ်ငန်းစု ဆောင်ရွက်အကောင်အထည်ဖေါ်ရာတွင် သင့်အား အချိန်ပေးကူညီနိုင်မည့် အတွေ့အကြုံရှိပြီးသော သင့်မိတ်ဆွေများရှိခဲ့လျှင် ထိုအကူအညီများ အပြည့်အဝရယူရပါမည်။ အချို့ပုဂ္ဂိုလ်များကို ပုဂ္ဂိုလ်ရေးအရ သိနိုင်ပါ သည်။ သင့်အုပ်စုထဲမှလူရွယ်တစ်ဦး၏ မိဘတစ်ဦးဖြစ်နိုင်ပါသည်။ ထိုပုဂ္ဂိုလ်သည် လူထုဆက်သွယ်ရေးတွင် လုပ်ကိုင် ခြင်း သို့မဟုတ် ယင်းအတွေ့အကြုံရှိသူများ ဖြစ်နိုင်ပါသည်။

သင့်ဒေသတွင်းရှိရေဒီယို သို့မဟုတ် ရုပ်မြင်သံကြားဌာနမှ ဤလုပ်ငန်းစုအတွက် အကူအညီပေးရန် တစ်ဦး တစ်ယောက်ကို စေလွှတ်ပေးနိုင်ပါသည်။ ၎င်းတို့အနေဖြင့် ဘာမျှကူညီပေးနိုင်စရာ မရှိခဲ့လျှင်သင့်အုပ်စုအား သတင်းစာ ဆရာများ၏ အလုပ်နှင့်ဇတ်လမ်းကို ပုံနှိပ်ဖေါ်ပြရန်မည်သို့ လုပ်ဆောင်ရသည်ကိုသိရှိရန်တို့ကို လာရောက်ပြောကြား ပေးလိုကြမည် ဖြစ်ပါသည်။ လူရွယ်များသည် လူထုဆက်သွယ်ရေးမည်သို့ဆောင်ရွက်ရ သည်ကို စိတ်ဝင်စားကြမည်မှာ သေချာပါသည်။ ၎င်းတို့အနေဖြင့် ရေဒီယိုနှင့် ရုပ်မြင်သံကြား မည်မျှကြည့်ခဲ့သည်ကို စဉ်းစားကြည့်နိုင်ပါသည်။ ထို့အပြင ဒေသတွင်း သို့မဟုတ် နိုင်ငံအဆင့် လူထုဆက်သွယ်ရေးထံမှ အထောက်အကူ တောင်းခံခြင်းဖြင့် အုပ်စုဖြင့် အလုပ်လုပ် နေသောသင့်အလုပ်ကို အလိုအလျောက် စိတ်ဝင်စားလာရန်ပြုလုပ်ပြီး ဖြစ်မည်ဖြစ်သည်။ သတင်းထုတ် ပြန်ချက် သို့မဟုတ် ဒေသတွင်းရှိရေဒီယို သို့မဟုတ် ရုပ်မြင်သံကြားတို့ဖြင့် ပြုလုပ်ထားသော တွေ့ဆုံမေးမြန်းခြင်းကို ပုံနှိပ် ထုတ်ဝေနိုင်မည့် လမ်းကြောင်းရရှိမည်ဖြစ်သည်။ အခြားတနည်းမှာ လူထုဆက်သွယ်ရေးတစ်ခုကို အကူအညီ တောင်းခံနိုင်ပါသည်။ ဆက်သွယ်ဆောင်ရွက်ခြင်း အကြံပေးပုဂ္ဂိုလ် သို့မဟုတ် ကျွမ်းကျင်ပညာရှင်ထံမှ တောင်းခံ နိုင်ပါသည်။ တစ်ယောက်ကိုမျှမသိခဲ့လျှင် တယ်လီဖုန်းစာအုပ်ထဲတွင် ရှာဖွေနိုင်ပါသည်။ ဆောင်ရွက်မည့်အကြောင်း အကြောင်းအရာပြောပြပြီးနောက် အခမဲ့ အကူအညီပေးနိုင်ခြင်း ရှိ မရှိ မေးမြန်းသင့်ပါသည်။

## သင်လိုအပ်မည့်အရာ





- ✓ စာရွက်နှင့် ကလောင်တံ သို့မဟုတ် ခဲတံ
- ✓ ကျောက်သင်ပုန်း၊ သင်ပုန်းဖြူ သို့မဟုတ် ရုပ်လှန်ကားချပ်
- ✓ ဖြစ်နိုင်လျှင် တယ်လီဖုန်းတစ်လုံးရရှိရန်၊ သို့သော် အဓိက မဟုတ်ပါ။



## အစပျိုးခြင်း

ဤလုပ်ငန်းစုကို သင်မည်သို့ဆောင်ရွက်အကောင်အထည်ဖော်မည်ဆိုခြင်းသည် မတူညီသောအကြောင်း အချက်များ ပေါ် မူတည်ပါမည်။

- လူထုဆက်သွယ်ရေးမှ ဟောပြောပေးမည့်သူ(များ)ကို ဖိတ်ကြား၍ရနိုင် မရနိုင်
- သင်တန်းချိန်များတွင် အကူအညီပေးနိုင်မည့်ပုဂ္ဂိုလ် သို့မဟုတ် အခြား ဆရာ/ဆရာမ၊ လုပ်ဖော် ကိုင်ဖက် ရှိ မရှိ
- သင်တန်းချိန်ကို သင်ကိုယ်တိုင်ဆောင်ရွက်မည် မဆောင်ရွက်



မည်သို့ပင်ရှိနေစေကာမူ လုပ်ငန်းစုကို သင်ကိုယ်တိုင်ဆောင်ရွက်နိုင်ရန်အတွက် အောက်ပါ ဖော်ပြချက်များသည် လုံလောက်နိုင်ပါသည်။ သင့်တွင် ယခင်အတွေ့ အကြုံရှိသည်ဖြစ်စေမရှိလျှင်ဖြစ်စေ အထောက်အကူရနိုင်ပါသည်။

### အုပ်စုဖွဲ့ခြင်း

လုပ်ငန်းစုလုပ်ငန်းများ ဆောင်ရွက်မှုသည် အုပ်စုနှင့် ၎င်းတို့စိတ်ဝင်စားမှုအပေါ် အလွန်မူတည်ပါသည်။ သတင်းထုတ်ပြန်ချက်တစ်ခုတိုင်းအတွက် စာရေးသားခြင်း လိုအပ်မည် ဖြစ်ပါသည်။ အဖွဲ့ဝင် နှစ်ဦးမှ လေးဦးအထိ ပါဝင်သော အဖွဲ့ငယ်များဖွဲ့၍ ဆောင်ရွက်နိုင်လျှင် အကောင်းဆုံး ဖြစ်သည်။ ဤလုပ်ငန်းစုသည် မိမိကိုယ်မိမိယုံကြည်မှု တည်ဆောက်ခြင်းဖြစ်စဉ်အတွက် အထောက်အကူ ဖြစ်စေပါသည်။ ယင်းသည် လူထုဆက်သွယ်ရေးဖြင့် အမှန်တကယ် ဆက်သွယ်မှုမပြုမီ လူရွယ်များအတွက် လိုအပ်ပါသည်။

အကယ်၍ ဆန်းသစ်ရေးသားခြင်းလုပ်ငန်းစုပြီးမှ ဤလုပ်ငန်းစုကို ဆောင်ရွက်အကောင်အထည်ဖော်ခဲ့လျှင် (ထောက်ခံ ချက် ပေးပါသည်) သင့်အနေဖြင့် ကောင်းမွန်သောစကားလုံးများကို ရေးနိုင်သူများဖော် ထုတ်နိုင်ခဲ့ပြီး ဖြစ်သည်။ ထိုပုဂ္ဂိုလ်များအား တစ်ဖွဲ့တည်းမရှိပါစေနှင့်။ ၎င်းတို့ကို အခြားအုပ်စုများအတွင်းပါဝင်ပါစေ။ သို့မှသာ ၎င်းတို့၏ ကျွမ်းကျင်မှုများသည် အခြားသူများကို ကူညီနိုင်မည်ဖြစ်သည်။ ၎င်းတို့အနေဖြင့် အုပ်စုငယ်လေးများတွင် ခေါင်းဆောင် များ ဖြစ်လာနိုင်ပါသည်။ ယင်းသည် သင့်အတွက်အသုံးဝင်ပါမည်။

# ပကွက်ကို ပုံစံချခြင်း

*သင်ကြားချိန် တစ်ချိန်*

ဆက်သွယ်ရေးနည်းပညာအလျင်အမြန် တိုးတက်နေသည့် ယနေ့ခေတ်တွင်ပင်ကျွန်ုပ်တို့အနေဖြင့် စာရေးထားသော စကားလုံးများ အစွမ်းကိုလျော့မတွက်သင့်ပါ။ ဇာတ်လမ်းကောင်းတစ်ပုဒ်ကို သေချာစွာရေးသားထားပြီး သေချာစွာ ဦးတည်ချက် ထားရှိသည့်သတင်းထုတ်ပြန်ချက်တစ်ခုသည် သင့်စီမံချက်အကြောင်း လူများသိရန်လုပ်ရာတွင် လွန်စွာထိရောက်သည့် နည်းလမ်းတစ်ခု ဖြစ်ပါသည်။ ကလေးအလုပ်သမားပပျောက်ရေးလှုပ်ရှားမှုအတွက်လည်းထိုနည်းတူ ဖြစ်သည်။

သတင်းပြန်ကြားရေးလောကမှ ဟောပြောပေးနိုင်သူတစ်ဦးကို အောင်မြင်စွာ အဆက်အသွယ်ပြုနိုင်ခဲ့လျှင် သင်ကြားမှု ကို စတင်ရန် အကောင်းဆုံးအချိန်ဖြစ်သည်။ သင်ကြားမှုများတစ်ခုမျှမစတင်မီ ထိုပုဂ္ဂိုလ်ကို ဟောပြောပေးရန် ဖိတ်ခေါ် ပါ။ တင်ပြမှု ပြီးဆုံးသောအခါ အမေးအဖြေအပိုင်းကိုဆောင်ရွက်ပါ။ မည်သို့ဆိုစေ လူရွယ်များအနေဖြင့် ၎င်းတို့တွင် မေးမြန်းစရာအများအပြား ရှိနေသော်လည်းတွန့်ဆုတ်ပြီး စိတ်မလုံမလဲဖြစ်နေကြမည်ဖြစ်သည်။ ထို့ကြောင့် အရှိန်ရ သွားရန် သင်ကစ၍မေးခွန်းမေးပေးပါ။ ယင်းသည် အုပ်စုကိုတက်ကြွလာစေပြီး ၎င်းတို့၏မေးခွန်းများကို မေးရဲလာမည် ဖြစ်သည်။

ဟောပြောပေးသူ ပြန်သွားသည့်အခါထိုပုဂ္ဂိုလ်ထံ ကျေးဇူးတင်ကြောင်းစာရေးပို့ရပါမည်။ ယင်းအသေးအဖွဲ့ဆောင်ရွက် မှုသည် အမြဲအသိအမှတ်ပြု ခံရပါသည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်များသည် အနာဂါတ် တွင်အကူအညီတောင်းခံလာလျှင် ပံ့ပိုးပေးရန်မှုအတွက် ကြိုဆိုနေဦးမည် ဖြစ်သည်။

အကယ်၍ သင့်အနေဖြင့် ဟောပြောပေးမည့်သူကိုရှာမတွေ့လျှင် လူထုဆက်သွယ်ရေးလောကတွင် မည်သို့ လုပ်ဆောင်သည်ကို အုပ်စုနားလည်သဘောပေါက်ရန် သင်ဆောင်ရွက်ရန်အရေးကြီးပါသည်။ ဒေသတွင်း သတင်းစာ တိုက်များသည် သေးငယ်သော်လည်း ၎င်းတို့သည် အလွန်အလုပ်များပါသည်။ ၎င်းတို့၏ သတင်းစာဆရာများသည် တနေကုန်လမ်းပေါ်တွင် ရှိနေတတ်ပါသည်။ ဇာတ်လမ်းများရှာကြပါသည်။ ယခင်သတင်းများ နောက်ဆက်တွဲ လိုက်ပါ သည်။ တွေ့ဆုံမေးမြန်းခြင်းများပြုလုပ်သည်။ ၎င်းတို့လုပ်ဖော်ကိုင်ဖက်နှင့် ဓါတ်ပုံဆရာများဖြင့် ပူးပေါင်းဆောင်ရွက် ပါသည်။ ထို့နောက်ရုံးတွင် ၎င်းတို့၏ဆောင်းပါးများကို ကွန်ပျူတာရိုက်စေပါသည်။ သို့မဟုတ် ၎င်းတို့ကိုယ်တိုင် ရိုက်ပါ သည်။ ၎င်းတို့အနေဖြင့် အပတ်စဉ်စာမျက်နှာအလွတ်များကို ဖြည့်ရန်ရှိနေပါသည်။

၎င်းတို့အချိန်သည် တန်ဖိုးရှိပါသည်။ ထို့ကြောင့် ၎င်းတို့အာရုံစိုက်မှုရှိလာရန် လုပ်သည့်အကောင်းဆုံးနည်းမှာ ၎င်းတို့အတွက်၎င်းတို့လုပ်ရမည့်များကို လုပ်ပေးခြင်းဖြစ်သည်။ တနည်းအားဖြင့်ဆိုသော် လိုအပ်လျှင် သို့မဟုတ် ချက်ချင်းနောက်ဆက်တွဲ ဆက်လက် လေ့လာရန်၎င်းတို့တွင် အချိန်မရှိလျှင်၎င်းတို့၏ သတင်းစာ စာမျက်နှာပေါ် ပြောင်းလဲတင်ပြနိုင်ရန် သတင်းထုတ် ပြန်ချက်ကို ပြင်ဆင်ရေးသားပေးရမည်။

## လုပ်ငန်း ၁။
## သတင်းထုတ်ပြန်ချက် အကြမ်းပုံစံချခြင်း

*နှစ်ချိန်ဆက် သင်ကြားချိန် တစ်ချိန်*

အုပ်စုကြီးတစ်ခုလုံးဖြင့်စတင်ပါ။ အောက်ပါအခြေခံအချက်ကို ကျောက်သင်ပုန်းပေါ် ရေးချပါ။ ယင်းသည် အရေးကြီး သော နည်းဥပဒေသများဖြစ်ပြီး သတင်းထုတ်ပြန်ချက် အကြမ်းရေးရန်ဖြစ်သည်။ အရေးကြီးကြောင်း ဖေါ်ပြသည့် စာပိုဒ်များကိုသာရေးပါ။ ရေးသားနေစဉ်၎င်းတို့ကို အကျယ်ချဲ့သွားရမည်ဖြစ်သည်။

- **ဇာတ်လမ်းသည် မည်သို့ဖြစ်သနည်း။** သတင်းတန်ဖိုးရှိစေရန် သင်၏သတင်းထုတ်ပြန်ချက်သည် ဇာတ်လမ်း ကောင်းတစ်ပုဒ်ဖြစ်ရမည်။ အမြင်သစ်ရှုဒေါင့်မှ ရေးနိုင်လျှင်ပိုအသုံးတည့်သည်။ စီမံချက်၏ ဝတ္ထုဆန်သော အပိုင်း၊ ထူးခြားမှုတို့ကိုကြည့်ရမည်။
- **ဝါကျအတိုကို ရိုးရိုးရှင်းရှင်း ရေးပါ။** စာဖတ်သူများ အာရုံစိုက်နိုင်စွမ်း သည်တိုပါသည်။ ဝါကျရှည်လျှင် ရှုပ်ထွေး စေသည်။ စိတ်အနှောင့်အယှက် ဖြစ်စေသည်။
- **ပထမစာကြောင်း သို့မဟုတ် စာပိုဒ်တွင်ဇာတ်လမ်းအကျဉ်းရေးပါ။** ပထမဝါကျ ငါးကြောင်းတွင် ဇာတ်လမ်းကို ပြောပြပါ။ ထို့ကြောင့် 'ဘ' ၅ လုံးကို အခြေခံပါ။
- **ကိုးကားချက်များကို ထည့်သွင်းပါ။** စာဖတ်သူများကို "ကိုးကားချက်များ" သည် စိတ်ဝင်စားစေသည်။ အရေး ပါသော ပုဂ္ဂိုလ်တစ်ဦးချင်းစီကို ကလေးအလုပ်သမားသို့မဟုတ်သင့်စီမံချက်နှင့် ပတ်သက်၍ဆီလျော်ပြီး ထိရောက်မှုရှိသည့်အကြောင်းတစ်ခုခုကိုပြောပါစေ။ ပြောဆိုချက်များ လက်ဆုပ်လက်ကိုင်မရှိလျှင် အချက် အလက်၊ အကြောင်းအချက်အချို့ကို ကိုးကားချက်အဖြစ်ပြောင်းပစ်ပါ။ တစ်ဦးဦးအားယင်းအချက်ကို ကိုး ကားပေးနိုင်ခြင်းရှိမရှိမေးပါ။ (၎င်းအလေ့အကျင့်ကိုသတိကြီးစွာထား၍ ဆောင်ရွက်ရသည်။ ကိုးကားခံရ သူဖြင့် အမြဲတိုင်ပင်ခွင့်တောင်းပါ)



- **အမြင်ကိုဖမ်းစားနိုင်သည့် ခေါင်းစည်းကိုရှာပါ။** သင်၏အဓိကခေါင်းစည်းသည် စာဖတ်သူ၏အာရုံကို ဖမ်းစား နိုင်ရမည်။ ယင်းသည်သတင်းထုတ်ပြန်ချက်၏ အရေးကြီးဆုံးအပိုင်းဖြစ်သည်။ သတင်းထုတ်ပြန်ချက်၌ အရေးကြီးသော အပိုင်းကိုဖေါ်ပြသောခေါင်းစဉ်ခွဲများသည် ပြွတ်သိပ်နေသောစာများကို ခွဲထုတ်ပေးနိုင်သည်။
- **ခေတ်ပေါ် နှင့် စကားပျက်မသုံးရပါ။** သင့်သတင်းထုတ်ပြန်ချက်ကို သေချာစွာရေးရမည်။ စာချောရမည်။ ခေတ်ပေါ် နှင့် စကားပျက်များသည် စာဖတ်သူများအတွက် စိမ်းနေပြီး မဖတ်တော့ဘဲနေမည်။
- **သတင်းထုတ်ပြန်ချက်ကို တိုနိုင်သမျှတိုပါ။** သတင်းထုတ်ပြန်ချက်သည် ရှင်းလင်းရမည်။ တိကျပြီး လိုရင်း ရောက်ရမည်။ မလိုသည်များဖြတ်ထုတ်ပါ။ သင်အသိပေးပြောကြားလိုသည့်အချက်ကို အလေးပေးပါ။ အချို့အယ်ဒီတာများသည် စာမျက်နှာတစ်မျက်နှာထက်ကျော်သော သတင်းထုတ်ပြန်ချက်ကို မဖတ်တော့ပါ။ သင်ရေးသားလိုသမျှကို တစ်မျက်နှာအတွင်းရေးရခြင်းသည် ခက်ခဲသည်ဟုထင်ရသည်။ ယင်းမှာ သင့်အနေ ဖြင့် သင့်ရေးသားပုံနှင့် ဦးစားပေးမှုသည် အလွန်စည်းစနစ်ကျရန် လိုသည်ဆိုခြင်းကိုဆိုလိုပါသည်။
- **သင်မည်သူဆိုသည်ကိုပြောပြပါ။** ထုတ်ပြန်ချက်၏အပေါ် ဖက်တနေရာရာ သို့မဟုတ် ပူးတွဲပို့သည့် အပေါ်စာ တွင် သင်နှင့်သင့်အဖွဲ့မည်သူတို့ ဆိုသည်ကိုအကျဉ်းချုံး ရှင်းလင်းရေးပြရမည်။
- **သင့်အားလူထုဆက်သွယ်ရေးမှမည်သို့အလွယ်ဆုံးဆက်သွယ်နိုင်ပုံကိုပြောပြပါ။** သတင်းစာဆရာများ အနေဖြင့် သတင်းထုတ်ပြန်မှုအသေးစိပ်၊ သတင်းဓါတ်ပုံယူရန်အစရှိသည်ကို မေးရန်မည်သူ့အား အလွယ် တကူ ဆက်သွယ်၍ ရနိုင်သည်ကိုသိထားရန် အရေးကြီးပါသည်။ ဆက်သွယ်ရမည့်သူတစ်ဦးကိုသာ ပေးထားပါ။ သို့မှသာဋင်းတို့မေး၍ရမည့်သူကို လိုက်ရှာစရာမလိုတော့မည်ဖြစ်သည်။ သို့မဟုတ်ပါက သင့်အနေဖြင့် ဋင်းတို့ကိုအလွယ်တကူ စိတ်ပျက်သွားစေပြီး သင့်ဇာတ်လမ်းကိုထုတ်ဝေနိုင်သည့် အခွင့်အရေး လက်လွတ် ဆုံးရှုံးသွားမည်ဖြစ်သည်။

ကျောက်သင်ပုန်းပေါ် မှ စာရင်းများကို ရှင်းပြနေစဉ် အုပ်စုအားမေးခွန်းမေးပါစေ။ အဓိကအချက်များကို ဋင်းတို့သေချာစွာ နားလည်ပါစေ။ သတင်းထုတ်ပြန်ချက်ရေးရာတွင်ပါဝင်သည့် အခြေခံစည်းမျဉ်းများကိုလည်း နားလည်သဘောပေါက်ပါစေ။ ဋင်းတို့ကိုလည်းမေးခွန်းများမေးပါ။ သူတို့နားလည်မှုရှိသည်ကို သင့်အနေဖြင့် သေချာစေရန်ဖြစ်သည်။ သင့်တင်ပြမှုတွင် မေးခွန်းများနှင့် ဥပမာများကြားညှပ်ပြောခြင်းဖြင့် ဋင်းတို့၏ စိတ်ဝင်စားမှုကိုထိန်းထားပါ။

## အလုပ်သတ်မှတ်ခြင်း

လေ့ကျင့်ခန်းသည် အုပ်စုလေးများစုပြီး ၎င်းတို့၏ သတင်းထုတ်ပြန်ချက်ကိုရေးရန်ဖြစ်သည်။ ဤအဆင့်တွင် သတင်းထုတ်ပြန်ချက် အချောသတ်ထွက်လာရန်မလိုပါ။ ပထမဆုံးအကြိမ် ရေးရခြင်းဖြစ်၍ အချောသတ်မထွက်နိုင် သေးပါ။ သို့သော်အချို့အဖွဲ့များအနေဖြင့်သင့်အား အံ့ဩသွားစေနိုင်ပါသည်။ လူရွယ်များအနေဖြင့် သက်တောင့် သက်သာစွာဖြင့် စာရေးသည့်အလုပ်ကိုလုပ်နေစေရန်နှင့် ထိုမှတဆင့်အားလုံးစုပေါင်းပြီး သတင်းထုတ်ပြန်ချက် အချော သတ်တစ်စောင် ထုတ်ရန်သာဖြစ်ပါသည်။

အုပ်စုငယ်လေးများမခွဲမီ သတင်းထုတ်ပြန်ချက်အတွက် စွဲဆောင်မှုရှိမည့် ခေါင်းစည်းတစ်ခုပေါ်ထွက်လာရန် တွေးတော ကြံဆခြင်းဖြင့် ပြုလုပ်ရပါမည်။ စိတ်လက်ပေါ့ပါးရန်နှင့် ဆန်းသစ်သောအတွေးများပေါ်ထွက်လာစေရန်ဖြစ်သည်။ အယ်ဒီတာများသို့မဟုတ် သတင်းစာဆရာများ နှင့် စာဖတ်ပရိသတ်များကခေါင်းစည်းကိုတွေ့ပြီး ဖတ်လိုစိတ် ပေါ်လာမည် ဖြစ်သည်။ နောက်လုပ်မည့်အစီအစဉ်တစ်ခုသင့်တွင် ရှိခဲ့လျှင် သို့မဟုတ် လတ်တလောပြီးခဲ့သည့် အစီအစဉ်ရှိလျှင် ယင်းတို့ကို သတင်းခေါင်းစည်းရေးစေနိုင်သည်။ သို့မဟုတ် စီမံချက်ကြီးတစ်ခုလုံး မြှင့်တင်ရေး အတွက်လည်း ဖြစ်နိုင်ပါသည်။ ၎င်းတို့ခေါင်းထဲဝင်လာသော မည်သည့်စိတ်ကူးကိုမဆို စဉ်းစားရန်ပြောပါ။ အလို အလျောက်ထွက်လာသော စိတ်ကူးများဖြစ်ပါစေ။ ကျောက်သင်ပုန်းပေါ် စိတ်ကူးအမျိုးမျိုးကိုရေးချပါ။ အချို့သည် ရယ်စရာ ဖြစ်နေပေလိမ့်မည်။ မဆီမဆိုင် သို့မဟုတ် ပေါကြောင်ကြောင်များ ဖြစ်နေပေလိမ့်မည်။ အုပ်စုအား ဖြတ်ထိုးဉာဏ် သို့မဟုတ် အံ့ဩလောက်စေရန် လှုံ့ဆော်ပေးပါ။ ၎င်းတို့အနေဖြင့် ခေါင်းစည်း အကောင်းစားဖေါ်ထုတ် လာနိုင်ရန် ဖြစ်သည်။ ၅ မိနစ် ၁၀ မိနစ် ကြာလျှင် ရပ်လိုက်ပါ။ အုပ်စုအားအကောင်းဆုံးကို ရွေးခိုင်းပါ။ ဆုတစ်မျိုး သို့မဟုတ် အနည်းငယ်ပေးသည့် ပြိုင်ပွဲမျိုး ပြုလုပ်နိုင်ပါသည်။



ခေါင်းစည်းကိုရွေးပြီးလျှင် ကျောက်သင်ပုန်းပေါ်ရေးချပါ။ ၎င်းပေါ်အခြေခံပြီး သတင်းထုတ်ပြန်ချက်ရေးရန် အုပ်စုတစ်စု ချင်းကိုပြောပါ။ အောက်ပါလမ်းညွှန်မှုများ ပေးပါ။

- သတင်းထုတ်ပြန်ချက်သည် စာလုံးရေ ၅၀ ထက် မပိုရပါ။ အဖေါ်စာမျက်နှာ တဝက်ခန့် ရေးရမည် ဖြစ်သည်။
- နိဒါန်းအပိုင်းပါရမည်ဖြစ်ပြီး စာကြောင်း ၅ကြောင်းထက် မပိုရပါ။ စာကိုယ်ကို အကျဉ်းချုံး ဖေါ်ပြနိုင်ရန် 'ဘ' ၅ လုံးနည်းကို သုံးပါ။
- ခေါင်းစဉ်ခွဲ တစ်ခု အနည်းဆုံး ပါရမည် ဖြစ်သည်။
- ပြောဆိုမှုကို ကိုးကားချက်အနည်းဆုံးတစ်ချက်ပါရမည်။ အနည်းဆုံးပညာပေးသူ၏ ပြောကြားမှု ဖြစ်နိုင်သည်။ သင်ကိုယ်တိုင် သို့မဟုတ် အဖွဲ့ထဲမှတစ်ဦးဦးဖြစ်နိုင်သည်။

- ဇာတ်လမ်းတစ်ပုဒ်ဖြစ်ရမည်။ အချက်အလက်များကို စကားလုံးအမျိုးမျိုး၊စကားစုများဖြင့် လျော့ရဲစွာပေါင်း၍ ရေးထားခြင်း မဖြစ်ရ။

အုပ်စုများအား သတင်းထုတ်ပြန်ချက်ရေးရန် အချိန် ၃၀ မှ ၄၀ မိနစ်အထိပေးပါ။ အားလုံးအဆင်ပြေချောမွေ့ပါစေ။ အုပ်စုများထံ လှည့်ပတ်သွားပါ။ အခက်အခဲဖြစ်လုံးပမ်းနေရသောအဖွဲ့ကိုတွေ့လျှင် ၎င်းတို့ဖြင့် ခေတ္တခဏထိုင်ပါ။ ထုတ်ပြန်ချက်ထဲတွင် မည်သည်တို့ ပါဝင်ရန်လိုသည်ဆိုသည့် အကြံပြုချက်နှစ်ချက်ခန့် အကြမ်းဖျင်းပြောပြပါ။ ၎င်းတို့အနေဖြင့် စတင်ရေးနိုင်လျှင်နောက်ပိုင်းအဆင်ချောသွားမည်ဖြစ်သည်။ အစပိုင်းစာကြောင်းတစ်ကြောင်း နှစ်ကြောင်းခန့်ရေးရန်သာအခက်ခဲဆုံးဖြစ်တတ်ပါသည်။ 'ဘ' ၅ လုံးကိုသုံးရန်တိုက်တွန်းပါ။ ယင်းသည် မည်သည့် စာမျိုးရေးသည်ဖြစ်စေ စတင်ရန် အလွယ်ဆုံးဖြစ်သည်။ မေးခွန်းများကိုဖြေရ၍ ဖြစ်သည်။

သင်ဖေါ်ထုတ်သတ်မှတ်ထားသည့် စာရေးဆရာများကို အုပ်စုများအတွင်းခွဲထည့်ထားလျှင် သင့်အနေဖြင့် ဤလေ့ကျင့်ခန်းတွင် ပြဿနာ အများအပြား မရှိနိုင်ပါ။ စာလုံးရေ ၂၅၀ သည် မများလှပါ။ အချို့လူရွယ်များ အနေဖြင့် ရေးနိုင်ကြမည် ဖြစ်သည်။ ဤအဆင့်တွင် အရည်အသွေး ဆိုသည်မှာအရေးမကြီးသေးကြောင်း ပြောပြထားပါ။ အရေးကြီးသည်မှာ အုပ်စုတိုင်း တစ်ခုခုရေးရန်သာဖြစ်ပြီး ၎င်းတို့အနေဖြင့်ရေးနိုင်သည် ဆိုသည်ကိုပြစေလိုခြင်းသာဖြစ်သည်။ အဖွဲ့ငယ်လေးတိုင်းတွင် ပါသောတစ်ဦးချင်းစီ ပါဝင်ပြောကြားမှုလုပ်ကိုင်မှုရှိပါစေ။ တစ်ဦးတည်းကအကြမ်းရေးသားခြင်း မဖြစ်စေရပါ။



ကန့်သတ်ပေးထားသောအချိန်အတိုင်း ဆောင်ရွက်ပါ။ ထိုအချိန်အတွင်း အုပ်စုတစ်စုစီကို လုပ်ငန်းအဆုံးသတ်ပါစေ။ အကြမ်းရေးသားနေခြင်းအပေါ် အချိန်ဆွဲခြင်းကိုခွင့်မပြုရပါ။ ပေးထားသောအချိန်အတွင်း အားလုံးမပြီးသော်လည်း ရပ်ရန်ပြောပါ။ အဖွဲ့တိုင်းမှ ကိုယ်စားလှယ်တစ်ယောက်ကို ရွေးခိုင်းပြီးဖတ်ပြစေရမည်။ စိတ်ဝင်စားမှုကို ထိန်းထားရန် နှင့် ပိုတက်ကြွလာရန် ယှဉ်ပြိုင်မှု ပြုလုပ်ရန်လိုသည်ဟု သင့်အနေဖြင့်ထင်လျှင် အကောင်းဆုံးပြီးအောင်ရေးနိုင်သည့် ဆုတစ်ခုကို ပေးနိုင်ပါသည်။

နောက်ဆက်တွဲ ၁ တွင် အိုင်ယာလန်သမ္မတနိုင်ငံ၌ ၂၀၀၁ ခုနှစ်က ပြုလုပ်ခဲ့သော ရှေ့ပြေးစမ်းသပ်မှုတွင်ပါဝင်ခဲ့သည့် မိန်းကလေး နှစ်ယောက်ရေးထားသည့် ဆောင်းပါးဖေါ်ပြထားပါသည်။ ယင်းကို ဒေသတွင်းသတင်းစာတွင် ပုံနှိပ်ဖြန့်ချိ ခဲ့ပါသည်။ သင်နှင့် သင့်အုပ်စုအတွက် ဤလေ့ကျင့်ခန်းလုပ်ရာတွင် အသုံးဝင်နိုင်ပါသည်။ ယင်းသည် သတင်းထုတ်ပြန်ချက်ထက် ရှင်းလင်းဖေါ်ပြမှုပိုဆန်ပါသည်။ သို့သော် ၎င်းတို့ကိုယ်တိုင်ရေးခဲ့ခြင်းဖြစ်သည့်အတွက် ပို၍ ခွန်အားပြည့်ဝပါသည်။

# လုပ်ငန်း ၂ ။
# သတင်းထုတ်ပြန်ချက်အစစ်အတွက် အကြမ်းပြုစုခြင်း

*နှစ်ချိန်ဆက် သင်ကြားချိန် တစ်ချိန်*

ဤလေ့ကျင့်ခန်း၏ ဒုတိယအပိုင်းမှာ အုပ်စုကြီးတစ်ခုလုံးဖြင့် သတင်းထုတ်ပြန်ချက်တစ်စောင်ရေးခြင်းဖြစ်သည်။ ရေးသားထုတ်ဝေသည့် လူထုဆက်သွယ်ရေးထဲတွင် ထည့်သွင်းဖြန့်ချိ နိုင်ရန် ဖြစ်သည်။

## လမ်းဖွင့်ပေးခြင်း

ထုတ်ဝေဖြန့်ချိရန်အတွက် သတင်းထုတ်ပြန်ချက် အချောမသတ်မီသတင်းထုတ်ပြန်ရန် ရည်ရွယ်ထား သည့်ဒေသတွင်း လူထုဆက်သွယ်ရေးဖြင့်သင့်အုပ်စုနှင့်အတူစတင်ဆက်သွယ်ထားသင့်သည်။ သင့်အနေဖြင့် ဒေသတွင်းသတင်းစာ တိုက်တစ်ခုထက်မကရွေးမည့်အပြင် နိုင်ငံတော်အဆင့် သတင်းစာများနှင့်/ သို့မဟုတ် မဂ္ဂဇင်းများကို ရွေးချယ်ကောင်း ရွေးချယ်မည်ဖြစ်သည်။ မည်သို့ဆိုစေသင့်အုပ်စုအကျိုးအမြတ်ရစေရန် နှင့် ၎င်းတို့၏ယုံကြည်မှုစိတ်ဓါတ်ပေါ်လာစေရန် ဒေသတွင်း သတင်းစာတိုက်တစ်ခု သို့မဟုတ် နှစ်ခုဖြင့်စတင်ပါ။ ဒေသတွင်း သတင်းထုတ်ပြန်နိုင်သည့် အခွင့်အလမ်း ပိုများ၍ဖြစ်သည်။ ဤအချိန်တွင် သင်၏ပြင်ပအထောက်အကူယူရန်လိုပါသည်။ (အထက်တွင်ကြည့်ပါ။) သတင်း ထုတ်ပြန်နိုင်ရေးအတွက် ရနိုင်သမျှ အဆက်အသွယ်များကို အသုံးပြုပါ။



အယ်ဒီတာနှင့်/သို့မဟုတ် သတင်းစာဆရာဖြင့် အဆက်အသွယ်ပြုသည့်အခါ အုပ်စုပါဝင်မှု ရှိပါစေ။ အဆက်အသွယ် ပြုလုပ်ရန် ၎င်းတို့ကိုယ်စားတစ်ယောက်ကိုအဆိုပြုပါစေ။ ပေးပို့လိုက်မည့်သတင်းထုတ်ပြန်ချက်အကြောင်း အကျဉ်းချုံး ဘာပြောရမည်ကို အုပ်စုတစုလုံးဖေါ်ထုတ်ပါစေ။ မည်သည့်အချိန်တွင်အယ်ဒီတာဖြင့် ဆက်သွယ်ရန် အကောင်းဆုံး ဖြစ်မည်ကို သိအောင်လုပ်ပါ။ ဥပမာ - ဒေသတွင်း သတင်းစာအများအပြားသည် အပတ်စဉ်ထုတ်ဝေကြသည်။ ထို့ကြောင့် ထုတ်ပြန်ချက်ကိုသတင်းစာမထုတ်မီ တစ်ရက်အလိုတွင်ပေးပို့ခြင်းသည်အကျိုးမရှိနိုင်ပါ။ သတင်းစာထုတ်သည့်နေ့ သို့မဟုတ် ထုတ်ပြီးနောက်ရုံးခန်းတွင် အလုပ်မရှုပ်သည့်အချိန်တွင် ခေါ်ဆိုသင့်ပါသည်။

အရေးကြီးသည့် ဆွေးနွေးအဖြေရှာရမည့် ကိစ္စများရှိပါသည်။ အုပ်စု၏ စီမံချက်အကြောင်းရေးထားသည့် ဆောင်းပါးကို အယ်ဒီတာအနေဖြင့် ထုတ်ဝေရန်စိတ်ဝင်စားမည့်အရာကို ရှင်းလင်းစွာသိထားရမည်။ သတင်းထုတ်ပြန်ချက်ကို နောက်ဆုံးပေးပို့ရမည့် ရက်ကိုလည်း သိထားရမည်။

အယ်ဒီတာအား ဆောင်းပါးကို ပုံဖော်နိုင်ရန်ဓါတ်ပုံများလိုအပ်ခြင်း ရှိမရှိလည်း မေးနိုင်ပါသည်။ သတင်းစာတိုက်မှ ဓါတ်ပုံဆရာအားလိုအပ်လျှင် ဓါတ်ပုံရိုက်ယူရန် အကြံပြုနိုင်ပါသည်။ အယ်ဒီတာအနေဖြင့် ဆောင်းပါးကို မည်မျှရှည်ရှည်ရေး ရမည်ကိုပြောပြနိုင်ပါသည်။

## သတင်းထုတ်ပြန်ချက် အချောသတ်ခြင်း

သာမန်အားဖြင့်ဆိုလျှင် သတင်းထုတ်ပြန်ချက်တစ်စောင်တွင် စာလုံးရေ ၅၀၀ သာပါရပါသည်။ (အယ်ဒီတာထံမှ အခြား စာလုံးရေအတွက်ကို မပြောခဲ့လျှင်ဖြစ်သည်)။ အုပ်စုငယ်လေးများအနေဖြင့် ဖြစ်နိုင်လျှင်ပို၍တိုသောသတင်း ထုတ်ပြန် ချက်ကို ရေးစေရပါမည်။



အချို့တိုတောင်းသော သတင်းထုတ်ပြန်ချက်များသည် အရည်အသွေးမြင့်မားနိုင်ပါသည်။ ဤနောက်ဆုံး လေ့ကျင့်ခန်းကို ထိုမျှလွယ်ကူစွာလည်း ဆောင်ရွက်နိုင်ပါသည်။ ဤအဆင့်တွင် သင်၏ပါဝင်မှုသည် အရေးကြီးပါသည်။ သတင်းထုတ်ပြန်ချက်အတိုများအားလုံးစီမှ အနည်းငယ်စီထုတ်ယူပြီး ပို၍ရှည်သောထုတ်ပြန်ချက်ဖြစ်လာရန်သင်တည်း ဖြတ်ခြင်းသည်အထိရောက်ဆုံးဖြစ်သည်။ သင့်အနေဖြင့် ရေးသားထားမှု အမျိုးမျိုးကိုနားထောင်ခဲ့ပြီးဖြစ်မည်။ အဖွဲ့များ ဖေါ်ပြချက်ထဲမှ အကောင်းဆုံးသောအချက်များကို ထုတ်နုတ်ထားရမည်။ အုပ်စုအားသတင်းထုတ်ပြန်ချက်တွင် မည်သည်တို့ကို ဦးစားပေးရမည်ကို ပြောပြပါ။ စာဖတ်ပရိသတ်အား ဘယ်အချက်ကို အဓိကအသိပေးပြောကြားလိုပါသလဲဆိုသည်ကို သိရမည်။ ယင်းအပေါ်အခြေခံပြီး ဖြတ်ညှပ်ကပ်ပြီးသည့်အခါ အချောသတ်သတင်းထုတ်ပြန် ချက်ကို ပြုစုနိုင်ပါသည်။

စာပိုဒ်အမျိုးမျိုးနှင့် ရေးပုံရေးနည်းအမျိုးမျိုးကို တည်းဖြတ်ပြီးပေါင်းစပ်မှုကို သင့်အနေဖြင့် မလွဲမသွေလုပ်ရမည် ဖြစ်သည်။ ယင်းကို ကျောက်သင်ပုန်း သို့မဟုတ် စာရွက်ကြီးပေါ်ရေးချခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်အား အသစ်ရေးချရန်ပြောနိုင်ပါသည်။ အကောင်းဆုံးလုပ်ဆောင်ပုံမှာ ဖြတ်ညှပ်ကပ်လုပ်ပြီး မည်သည့်နေရာတွင် လိုနေသေး သည် မည်သည်ကို တည်းဖြတ်ရမည်ကို လုပ်ခြင်း ဖြစ်သည်။ အုပ်စုကို ပါဝင်စေပြီး ပျော်ရွှင်ဖွယ်ရာအဖြစ်ဖန်တီးပါ။

စာများကို စီပြီးလျှင် ယင်းကို ပို၍ပြောင်မြောက်စွာနှင့် အချောသတ်ခြင်းတို့ ပြုလုပ်နိုင်ပါသည်။ ထိုအခါအကောင်းဆုံး ရလာဒ်များရရှိပါမည်။ နောက်ဆုံးစာသားများရရှိလျှင် အဖွင့်စာပိုဒ်ကို 'ဘ' ၅လုံးပေါ် အခြေခံပြီးရေးရန် အဖွဲ့အားပြောပါ။

နောက်ဆုံးသတင်းလွှာကိုပြုစုပြီးလျှင် အုပ်စုအားဒေသတွင်းသတင်းစာများဖြင့် ဆက်သွယ်ပြီးထုတ်ပြန်ချက် ပေးပို့ရန် နှင့် လိုအပ်လျှင် ဓါတ်ပုံရိုက်ယူရန်တို့

ကိုစီစဉ်ပါ။ မည်သည့်သတင်းထုတ်ပြန်ချက်ကိုမဆိုပို့ပြီးလျှင် ဆောင်းပါးများပုံနှိပ် ထုတ်ဝေနိုင်ရေး သေချာစေရန် နောက်ဆက်တွဲအနေဖြင့် သတင်းစာဆရာ သို့မဟုတ် အယ်ဒီတာထံ ဖုန်းဆက်ရပါမည်။ သတင်းစာများအနေဖြင့် တစ်ပတ်အတွင်း သတင်းလွှာရာနှင့်ချီ၍ လက်ခံရရှိပါသည်။သင့်ဆောင်းပါးကိုသုံးစွဲရန် ပြုလုပ်ရပါမည်။ တယ်လီဖုန်းဖြင့် နောက်ဆက်တွဲ ခေါ်ဆိုပြောကြားရပါမည်။ အုပ်စုကိုယ်စားလှယ်များဖြင့် ယင်းအလုပ် ကို လုပ်ပါ။

နောက်ဆက်တွဲ ၂ သည် အိုင်ယာလန်နိုင်ငံ၌ ဆောင်ရွက်ခဲ့သော ရှေ့ပြေးစမ်းသပ်မှုတွင် ထုတ်ဝေခဲ့သောသတင်း ထုတ်ပြန်ချက် ဖြစ်ပါသည်။ ယင်းသည် သင့်အုပ်စု ၎င်းတို့သတင်းထုတ်ပြန်ချက်ကို ရေးရာတွင် စိတ်ကူးရရှိပြီး ရှာန်ဝင်စားစေရန် ဖြစ်ပါသည်။

## အသုံးပြုမည့်သူအတွက် မှတ်စု

သင့်သတင်းထုတ်ပြန်ချက်ကို နောက်ဆုံးသတ်မှတ်ချိန်မတိုင်မီ ပို့နိုင်ရန်အရေးကြီးပါသည်။ သင့်ဒေသ တွင်းရှိ သတင်းစာတိုက်သည်တနင်္လာနေ့ ၁၂း၀၀ နာရီ နောက်ဆုံးထားပြီး သတင်းထုတ်ပြန်ချက် လိုသည် ဆိုလျှင်သောကြာနေ့ထုတ်တွင်ပါနိုင်ပါသည်။ ယင်းသို့ပင်ဖြစ်ရန်အရေးကြီးပါသည်။ ထိုနောက်ဆုံးသတ်မှတ်ချိန်မတိုင်မီ သတင်းထုတ်ပြန်ချက်ကို မှန်ကန်သောသူလက်ထဲ အရောက်ပို့ပေးရမည်။ နောက်ဆုံးသတ်မှတ်ချိန်ကို သတင်းစာတိုက် သို့ ဖုန်းဆက်သည့်အခါ မေးရပါမည်။



## အသုံးပြုမည့်သူအတွက် မှတ်စု

ဦးတည်ချက်မှာ အုပ်စု၏သတင်းထုတ်ပြန်ချက်ကို ဆောင်းပါးအနေဖြင့် ဒေသတွင်း သတင်းစာ တွင် ပုံနှိပ်ထုတ်ဝေရန်ဖြစ်သည်။ ဖြစ်ခဲ့သည်ဆိုလျှင် အုပ်စုဖြင့် အယ်ဒီတာထံပို့ရန် ကျေးဇူးတင်ကြောင်း စာကိုရေးပါ။ သတင်းပါလာပြီး အမြန်ဆုံး ရေးပို့ရပါမည်။ ထို့နောက် သက်ဆိုင်ရာအယ်ဒီတာသို့မဟုတ် သတင်းစာဆရာထံ ဖုန်းဆက်ပြီးပုဂ္ဂိုလ်ရေးအရ ကျေးဇူးတင် ကြောင်း ပြောရမည်။ ထို့နောက် သတင်းစာတွင် ကလေး အလုပ်သမားအရေးနှင့် ပတ်သက်၍ ဆက်လက်ဖော်ပြရန် နောက်ထပ်သတင်းအချက်အလက် သို့မဟုတ် ဓာတ်လမ်းများ ရယူလိုခြင်း ရှိ မရှိ မေးမြန်းပါ။ ရပ်ရွာအသိတရားတိုးပွားရေးဖက်မှ ကြည့်လျှင် သတင်းစာ တွင်ပါသော ဆောင်းပါးသည် အောင်မြင်သည့်အချက်များတွင် ထိပ်ဆုံးနီးပါးတွင် နေရာ ယူထားမည်ဖြစ်သည်။ သတင်းဆောင်ပါးကိုဖြတ်ပြီး သတင်းဖြတ်ပိုင်းဖိုင်တွဲထဲတွင် တွဲထား ပါစေ။

အကယ်၍ ဆောင်းပါးမပါခဲ့လျှင် စိတ်ပျက်အားငယ်မသွားပါနှင့်။ အုပ်စုစိတ်ဓါတ်ကျမသွား ပါစေနှင့်။သက်ဆိုင်ရာအယ်ဒီတာသို့မဟုတ်သတင်းစာဆရာနှင့်ဆက်သွယ်ပြီး အဘယ်ကြောင့် မသုံးဖြစ်သည်ကို မေးပါ။ ယင်းမှာ အလွန် အသုံးဝင်သော လေ့ကျင့်ခန်း ဖြစ်သည်။ အသုံးမပြုရသည့်အကြောင်းရင်း တစ်ခု ရှိနေမည်ဖြစ်သည်။ ဥပမာ - ထိုအပတ်အတွက် သတင်းနေရာပေးရန် မရှိခြင်း ဖြစ်နိုင်သည်။ ထို့ကြောင့် နောက်အပတ်တွင် သုံးနိုင်မည် ဖြစ်သည်။ မသုံးရသည့်အကြောင်းကို သိလျှင် သင့်နှင့် သင့်အုပ်စုသည် နောက်တစ်ကြိမ် ပိုကောင်းရန် မည်သို့လုပ်ရမည်ကို သိသွားမည် ဖြစ်သည်။ ယင်းမှာ သင်နှင့် ၎င်းတို့ အတွက် သင်ယူမှု အတွေ့အကြုံတစ်ခု ဖြစ်ပါသည်။ အုပ်စုကို တက်ကြွလာစေပါမည်။ ကလေးအလုပ် သမားအကြောင်း ဒေသတွင်းလူထုဆက်သွယ်ရေးတွင် သေချာစွာ ဖော်ပြနိုင်ရန်နှင့် အားလျော့ ရပ်တန့်ခြင်း မရှိစေရန် ဖြစ်သည်။

## ဆောင်ရန်များနှင့် ရှောင်ရန်များ





- ဤလုပ်ငန်းစုအစီအစဉ်တိုင်းတွင် လူတိုင်းပါဝင်မှု ရှိပါစေ။
- အုပ်စုတိုင်း တစ်ခုခုကို ရေးသားပါစေ။ မည်မျှတိုသည် သို့မဟုတ် အသေးစိပ်မကျခြင်း သည် အကြောင်းမဟုတ်ပါ။
- သင်ခန်းစာဆက်လက်ဆောင်ရွက်နိုင်ရန် အုပ်စုအတွင်း ဟာသနှင့် ရင်းနှီးစွာ ကြည်စယ် နောက်ပြောင်ခြင်းများ သုံးပါ။ ဥပမာ - သတင်းခေါင်းစည်းများရေးရာတွင် ဟာသများကို  သုံးစွဲနိုင်ပါသည်။
- အုပ်စုများကို ၎င်းတို့သတင်းထုတ်ပြန်ချက်များ ဖတ်ပြရန် အားပေးပါ။
- အခြားသူများ ရေးထားသည်ကို လှောင်ပြောင်ခြင်းအား အုပ်စုများကို မလုပ်စေရပါ။
- အုပ်စုများ အား ၎င်းတို့ လုပ်ဆောင်ချက်များအပေါ် ချီးမွမ်းပါ။ ၎င်းတို့၏ အချောသတ် သတင်း ထုတ်ပြန်ချက်ကို ဒေသတွင်း သတင်းစာတွင် ထည့်သွင်း ထုတ်ဝေရာတွင် ၎င်းတို့၏ ကြိုးပမ်းမှု သည် အဖိုးတန် ကြောင်း ပြောပါ။
- အုပ်စုများရေးသားသော သတင်းထုတ်ပြန်ချက်အားလုံးကို သိမ်းစည်းထားပါ။

## အပြီးသတ်ဆွေးနွေးခြင်း

*သင်ကြားချိန် တစ်ချိန်*

သင်နှင့် သင့်အုပ်စုအနေဖြင့် သတင်းထုတ်ပြန်ချက်ကို ကျေနပ်လက်ခံစွာ ပြီးဆုံးခဲ့လျှင် သင်၏အပြီးသတ် ဆွေးနွေးခြင်းကို ပြုလုပ်ပါ။ လူထုဆက်သွယ်ရေးဖြင့် ဆောင်ရွက်ခြင်းသည် စိတ်လှုပ်ရှားဖွယ်ရာ ကောင်းစေသဖြင့် သင့်အုပ်စုအနေဖြင့် ဤလုပ်ငန်းစုကို သေချာစွာ ဆောင်ရွက်ခဲ့မည် ဖြစ်သည်။ သတင်းစာတွင် ဖေါ်ပြ ခံရခြင်းနှင့် ၎င်းတို့ရပ်ရွာမှ ပုဂ္ဂိုလ်များ ၎င်းတို့ သင်ယူခဲ့မှုများနှင့် လုပ်ဆောင်မှုများကို ဖတ်ရှုကြခြင်းကိုလည်း ကြိုက်နစ်သက်ကြမည် ဖြစ်သည်။ ၎င်းတို့၏ပုံများနှင့် အချင်းချင်းဓါတ်ပုံများ သတင်းစာတွင် ပါရှိခြင်းကို လည်း ကြိုက်နစ်သက်ကြမည် ဖြစ်သည်။ ၎င်းတို့အနေဖြင့် အလွန်စိတ်လှုပ်ရှားကြမည်။ ကြည့်ရအလွန်ဆိုး သည်ဟု ပြောကြမည်။ သူတို့ပုံများကို ၎င်းတို့ မသိသူများ မကြည့်ကြပါစေနှင့်ဟု

မျှော်လင့်ကြမည်။ သို့သော် အတွင်းထဲတွင် ၎င်းတို့သည် အလွန်ကျေနပ်ပြီး ဂုဏ်ယူနေကြမည်။ ထိုသို့လည်း ဖြစ်သင့်ပါသည်။ ၎င်းတို့၏ လေ့ကျင့်ခန်းနှင့် ပတ်သက်သောခံစားမှုများကို ဖော်ပြပါစေ။

၎င်းတို့၏ စိတ်တက်ကြွမှုနှင့် စိတ်ဝင်စားမှုတို့ကို အုပ်စုတွင်း ထိန်းထားနိုင်ပါစေ။ သင့်အပြီးသတ်မှတ်ချက် တွင် ပုံစံလုပ်ပြခြင်းဖြင့် ထိန်းထားနိုင်ပါသည်။ နောက်ထပ်ထုတမည့် သတင်းစာတွင် ၎င်းတို့ဆောင်းပါး ပါ မပါကို ကြည့်ကြရန် ပြောပါ။ ယင်းသည် နောက်ထပ်လုပ်ရမည့်အချက်ဖြစ်ပြီး နောက်ဆက်တွဲ စောင့်ကြည့် ရမည့် နယ်ပါယ်များကို ဖော်ပြနေပါသည်။ ဥပမာ - အယ်ဒီတာ အနေဖြင့် သင်ဆောင်ရွက်နေသော စီမံချက် နှင့် ဆွေးနွေးအဖြေရှာရမည့်ကိစ္စကို ပုဂ္ဂိုလ်ရေးအရ စိတ်ဝင်စားလာနိုင်ပါသည်။ သတင်းစာအနေဖြင့် နောက်နှစ်ပတ်ခန့် သတင်းဆောင်းပါးများ ထည့်သွင်းလိုပါမည်။ ၎င်းတို့အနေဖြင့် အုပ်စု၏ ဇာတ်လမ်းတို များကို ဆက်လက်ထုတ်ဝေရန် စိတ်ဝင်စားမှု ရှိ မရှိ ပြောဆိုနိုင်ပါသည်။ သို့မဟုတ် အခြား ဖော်ထုတ်ခဲ့သော အနုပညာပစ္စည်းများ ဖြစ်ပါသည်။ ဥပမာ - ရုပ်ပုံများ၊ ပန်းချီများ ဖြစ်သည်။



## ဆန်းစစ်အကဲဖြတ်ခြင်းနှင့် နောက်ဆက်တွဲ စောင့်ကြည့်ခြင်း



ဤလုပ်ငန်းစုအတွက် တိုင်းတာနိုင်သည့်အချက်များတွင် အတိအကျ ပေါ်ထွက်လာမည့် တိုင်းတာနိုင်သော အချက်များ ရှိပါသည်။ အချို့သည် ပေါ်ထွက်လာခြင်း ရှိပြီး အချို့သည် ပေါ်ထွက်လာခြင်း မရှိသေးခြင်းသာ ရှိသည်။ အုပ်စုငယ်လေးများသည် သတင်းထုတ်ပြန်ချက်အတိုလေးများ ရေးပြီး ဖြစ်မည်။ ယင်းအပေါ် အခြေခံပြီး အုပ်စုကြီးတစ်ခုလုံး ပို၍ ရှည်သော သတင်းထုတ်ပြန်ချက်တစ်ခု ရေးခဲ့ကြမည် ဖြစ်သည်။

အခြားတိုင်းတာနိုင်သောအချက်များတွင် အောက်ပါတို့ ပါဝင်သည်။

- ဒေသတွင်း ရေးသားထုတ်ဝေသည့် လူထုဆက်သွယ်ရေးများဖြင့် အဆက်အသွယ်ရခြင်း (နိုင်ငံတော် အဆင့်လည်း ပါသည်)
- လူထုဆက်သွယ်ရေးသို့ သတင်းထုတ်ပြန်ချက် ပေးပို့ခြင်း
- သတင်းထုတ်ပြန်ချက်ပေါ်အခြေခံသည့်ဆောင်းပါး လူထုဆက်သွယ်ရေးမှတဆင့် ပုံနှိပ်ထုတ်ဝေ ခြင်း
- ပုံနှိပ်ထုတ်ဝေပြီးနောက် နောက်ဆက်တွဲလုပ်ငန်းများလုပ်ရန် အခြေတည်ခြင်း

ဤလုပ်ငန်းစုသည် ကမ္ဘာ့အနှံ့ ကလေးအလုပ်သမား ပပျောက်ရေးလှုပ်ရှားမှုတွင် ပါဝင်လာရန် ဆောင်ရွက် မည့် အပိုင်းသို့ ရောက်ရှိစေခြင်းနှင့်ဆိုင်သည်။ အထက်ပါ တိုင်းတာနိုင်သော အချက်များသည် သင်၏ အုပ်စု မည်မျှအထိ နှစ်မြှုပ်ဆောင်ရွက်သည်ဆိုသည်ကို ပြဌာန်းရာတွင် အရေးကြီးပါသည်။ ယင်းတို့မှာ အုပ်စုအနေဖြင့် အရေးယူဆောင်ရွက်မှု၊ စီမံချက်နှင့် ဆွေးနွေးအဖြေရှာရမည့်ကိစ္စရပ်များတွင် ၎င်းတို့ ပါဝင်မှု တို့ဖြစ်သည်။ ဤလုပ်ကိုင်ဆောင်ရွက်မှုရလာဒ်များသည် သင့်အတွက် အရေးကြီးနိုင်ပါသည်။ ယနေ့အထိ ဆောင်ရွက်အကောင်အထည်ဖော်ခဲ့သည့် လုပ်ငန်းစုများ၊ အုပ်စုဝင်များနှင့် အုပ်စုတွင်း တစ်ဦးချင်း ပါဝင်မှုတို့ ပတ်သက်၍ ပညာပေးသူ သင့်အနေဖြင့် သင့်ကိုယ်တိုင် ဆန်းစစ်မှုပြုရာတွင် အရေးကြီးပါသည်။ ယခုအချိန်တွင် စီမံချက်အတွက် စိုက်လိုက်မတ်တပ် နှစ်မြှုပ်ဆောင်ရွက်သူများကို သတ်မှတ်လာနိုင်မည် ဖြစ်သည်။

ဤလုပ်ငန်းစုသည် သင့်လူရွယ်အုပ်စုအတွက် ပညာရစေရေးတွင် အဓိက ဖြစ်သည်။ ကလေးအလုပ်သမား ပြဿနာနှင့် ပတ်သက်၍ အသိတရားတိုးမြှင့်ရေးတွင် ၎င်းတို့မည်သို့ ဆောင်ရွက်နိုင်သည်ကို ဤလုပ်ငန်းစု တွင်ပါသော လုပ်ငန်းများက လမ်းညွှန်ပြပါသည်။ ရပ်ရွာလူထုအများအပြားအား ၎င်းတို့ခံစားမှုများကို ဖော်ပြ နိုင်သည်။ ယင်းတို့မှတဆင့် ၎င်းတို့ပေးလိုက်သော

သတင်းအချက်အလက် ဘယ်အထိရောက်မည်ကို မည်သူ သိနိုင်မည်နည်း။ အခြားအဖွဲ့များနှင့် လူတစ်ဦးချင်းစီလည်း စိတ်ဝင်စားမှု ရှိလာပြီး ဆက်သွယ်လာ မည်ဖြစ်သည်။ ဒေသတွင်းမှ ပညာရေးတာဝန်ခံများက လူရွယ်များ မည်သည်တို့လုပ်နေသည်ကို စိတ်ဝင်စား လာကြမည် ဖြစ်သည်။ လူထုဆက်သွယ်ရေးသို့ သတင်းအချက်အလက်များ ရောက်ရှိစေခြင်း သည် တံခါးပေါက်အများအပြားကို ပွင့်လန်းသွားစေသည်။ သင့်အနေဖြင့်မသိနိုင်ပါ။

လုပ်ငန်းစုသည် အုပ်စုအတွက် မျှော်လင့်ချက်များ ရှိစေမည့် သတင်းအချက်အလက်များကို ပေးပါသည်။ ၎င်းတို့အနေဖြင့် မည်သည့်အရာမျှ မျှော်လင့်ချက် ကင်းမဲ့နေခြင်း မဟုတ်သည်ကို သိမြင်သွားသည်။ ကောင်းမွန်သေချာစွာ စီမံခန့်ခွဲပြီး နောက်ဆက်တွဲ စောင့်ကြည့်လေ့လာနိုင်လျှင် ယင်းသည် အလွန်အား ကောင်းလာစေနိုင်ပါသည်။ သတင်းထုတ်ပြန်ချက် ကိုပုံနှိပ်ထုတ်ဝေနိုင်ခဲ့လျှင် ၎င်းတို့အား ဂုဏ်ယူမှုနှင့် ယုံကြည်မှု ရှိစေရမည်။ နောက်ထပ်ဆက်လုပ်ရန် စိတ်ဓါတ်တက်ကြွလာစေရမည်။

သင့်အနေဖြင့် စိတ်ကျေနပ်သည့်အထိ ဤလုပ်ငန်းစုကို အဆုံးသတ်နိုင်ခဲ့လျှင် နောက်လုပ်ငန်းစုအသစ်ကို စပါ။ အုပ်စုအား လူထုဆက်သွယ်ရေးလှုပ်ရှားမှု (လူထုဆက်သွယ်ရေး ရေဒီယို ရုပ်သံလွှင်ကို ကြည့်ပါ) လုပ်ငန်းစုကို ဆောင်ရွက်ရန် ကျွန်ုပ်တို့ ထောက်ခံ အကြံပြုပါသည်။ သင်ထုတ်လုပ်ခဲ့သည့် သတင်း ထုတ်ပြန်ချက်သည် လူထုဆက်သွယ်ရေးဖြင့် ရေရှည်ဆက်ဆံရေး ခိုင်မြဲစေပါသည်။

# နောက်ဆက်တွဲ ၁

## စကာရစ်(ဖ်)သတင်းတွင် ပုံနှိပ်ဖော်ပြသည့် ဆောင်းပါး အိုင်ယာလန်။ မတ် ၂၀၁၁

## ကလေးအလုပ်သမား

### အန်ထွမ်ကောလင်း (၁၆) နှင့် ဒင်းနစ်ဘောလ်တန်(၁၆)

စကာရစ်(ဖ်)လူထုကောလိပ်မှ ကျောင်းသားဖြစ်သည့် ကျွန်ုပ်တို့ဆောင်ရွက်နေသော ကလေးအလုပ်သမား စီမံချက်အကြောင်း သင်တို့သိရှိကြမည် ဖြစ်သည်။ ဤစီမံချက် သည်သတင်းအချက်အပြည့်အစုံ ဖော်ပြသောစီမံချက်ဖြစ်သည်။ ကလေးအလုပ်သမားနှင့် ပတ်သက်သော ရက်စက်ကြမ်းကြုတ်မှု အများအပြားနှင့် အဘယ်ကြောင့် ကလေးများ အလုပ်သွားလုပ်ရသည်ကို ကျွန်ုပ်တို့ ရှာဖွေ တွေ့ရှိထားသည်။

ကျွန်ုပ်တို့၏စီမံချက်ကို အလွတ်သဘောရေးသားနိုင်ရန် ကျွန်ုပ်တို့ စာရွက်အပိုင်း အစမျိုးစုံနှင့် မဂ္ဂဇင်းဟောင်းများကို ယူပြီး ပေါင်းစပ်ရုပ်ပုံနှစ်ခုကို ပြုလုပ်ခဲ့သည်။ ပထမတစ်ခုသည် ကျွန်ုပ်တို့ ရွေးချယ် သောအရာဖြစ်သည်။ ဒုတိယသည် ကလေးအလုပ်သမားခေါင်းစဉ်ဖြစ်သည်။ ယင်းတို့ကို ကျွန်ုပ်တို့ စာသင်ခန်းတွင် ချိတ်ဆွဲပြသထားသည်။ ကလေးအလုပ်သမားစီမံချက်အကြောင်း တပတ်လျှင် သင်ကြားချိန် နှစ်ချိန်မှ သုံးချိန်ထိ ကျွန်ုပ်တို့ လုပ်သည်။ ထိုထဲတွင် ကလေးအလုပ်သမားနှင့် ပတ်သက်သော အချက် အလက်များ ပြောသည်။ ကျွန်ုပ်တို့၏ သင်ကြားချိန်အချို့ကို ဗွီဒီယို ရိုက်ကူးထားသည်။ ယင်းတို့ကို နောက်ပိုင်းတွင် တည်းဖြတ်သွားပြီး စီမံချက်ဗွီဒီယိုအဖြစ် ပြောင်းလဲသွားမည်။

တပတ်လျှင် တစ်ကြိမ်လည်း သတင်းစာများရယူပြီး ကျွန်ုပ်တို့အတွက် စိတ်ဝင်စားမည့်ဆောင်းပါးများကို ရှာဖွေသည်။ အင်္ဂလိပ်စာအချိန်တွင် ဖြစ်သည်။ အချို့ဆရာများလည်း ကျွန်ုပ်တို့စီမံချက်တွင် ပါဝင်ကြသည်။ စာသင်ချိန်များတွင် စီမံချက်နှင့်ဆိုင်သော ခေါင်းစဉ်များကို ဆွေးနွေးသည်။ ဥပမာ - ပထဝီတွင်မရှိနွမ်းပါးမှု အကြောင်းအချို့ကို လေ့လာကြသည်။

ကျွန်ုပ်တို့စီမံချက်၏ အခြားအကြောင်းတစ်ရပ်မှာ ပြဇာတ် သင်ကြား  ချိန် ဖြစ်သည်။ ထိုအချိန်တွင် ကျွန်ုပ်တို့ အားလုံးပျော်ကြသည်။ ယင်းအတန်းများသည် ကျွန်ုပ်တို့ ယခင်က မဆောင်ရွက်ခဲ့သော အရာများ ဖြစ်သည်။ မတ်လ ၁၅ ရက်တွင် ပြုလုပ်မည့် ပြဇာတ်ပွဲမှ လူငယ်အစီအစဉ်အတွက် ဇာတ်လမ်းတစ်ပုဒ်ကို ကျွန်ုပ်တို့ ပြင်ဆင်နေပါသည်။

ဖေဖော်ဝါရီလ ၁၄ရက်နေ့တွင် စကားရည်လုပွဲ ပြုလုပ်ခဲ့သည်။ 'ကလေးများသည် ကျောင်းများနှင့် ဆိုင်သည်။ အလုပ်နေရာနှင့်မဆိုင်' ဆိုသောခေါင်းစဉ် ဖြစ်သည်။ယင်းသည် အချက်အလက် ပြည့်စုံမှု ရှိသည်။ ကလဲမြို့နယ် ကောင်စီဥက္ကဌ တက်ရောက်ခဲ့ပြီး ကျွန်ုပ်တို့ ပြောကြားချက်များကြောင့် ခံစားရကြောင်းပြောသည်။ လွှတ်တော်မှ ကိုယ်စားလှယ်တစ်ယောက်လည်း ကျွန်ုပ်တို့ထံ လာရောက်

ခဲ့သည်။ သူသည် ကျွန်ုပ်တို့စီမံချက်ကို အလွန်နှစ်ခြိုက်သည်။ နိုင်ငံရေးသမား နှစ်ဦးကို ကျောင်းသား အချို့က တွေ့ဆုံမေးမြန်းကြသည်။

ဖေဖော်ဝါရီ ၁၅ မှ ၁၆ ရက်နေ့ထိ ဆန်းသစ်ရေးသားခြင်း အလုပ်ရုံဆွေးနွေးပွဲကို စာရေးဆရာလာရီအို လောင်ဟင်ဖြင့် ပြုလုပ်ခဲ့သည်။ ကျွန်ုပ်တို့ အလွန်ပျော်ရွှင်ကြသည်။ လာရီက "ဘယ်သူနားထောင်နေသလဲ" စာအုပ်ကို ရေးခဲ့သည်။ ယင်းသည် ကလေးအလုပ်သမားအကြောင်းဖြစ်သည်။ လူတိုင်း သူလာရောက်သည့် အတွက် အလွန်ပျော်ရွှင်ကြသည်။ ကျွန်ုပ်တို့စီမံချက်သည် လူရွှယ်များအကြောင်း ဖြစ်သည်။ ကမ္ဘာနှင့် အဝှမ်း ကလေးအလုပ်သမားပပျောက်ရေးတွင် ကျွန်ုပ်တို့ မည်သို့ ပါဝင်ကူညီနိုင်သလဲဆိုသည်နှင့် ဆိုင် သည်။

ကလေးအလုပ်သမားပြဿနာများအကြောင်း ပိုသိလာရပြီး ဘာကြောင့်ဖြစ်နေရသည်ကို သိရှိနားလည်လာ ရသဖြင့် ကျွန်ုပ်တို့အနေနှင့် ယင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့ အပိုင်းမှ မည်သို့ဆောင်ရွက်နိုင်သည်ကို သိရှိ လာကြသည်။ ပို၍သိလာလေ ဘာမှ မလုပ်ဘဲ ထိုင်နေ၍ မရတော့ပေ။

ကျွန်ုပ်တို့သင်ယူခဲ့သော ကျွမ်းကျင်မှုကို အသုံးချပြီး ကျွန်ုပ်တို့တစ်ခုခု ထူးခြားရန် လုပ်နိုင်သည်ကိုယုံကြ သည်။ ကျွန်ုပ်တို့စီမံချက်၏ ဆောင်ရွက်မည့်ဦးတည်ချက်မှာ - ကမ္ဘာနှင့်အဝှမ်း အလုပ်လုပ်နေသော သန်းပေါင်းများစွာသော ကလေးများ၏ ဘဝကို ပြောင်းလဲမှုတစ်ခု ပြုလုပ်ရန် ဖြစ်ပါသည်။

# နောက်ဆက်တွဲ ၂

## အုပ်စုသတင်းထုတ်ပြန်ချက်။ အိုင်ယာလန် ဇန္နဝါရီ ၂၀၁၁

## စကာရစ်ဖ်ကျောင်းသားများအတွက် ချစ်စရာအလုပ်သမား

*ကမ္ဘာနှင့်အဝှမ်း အဆိုးရွားဆုံး ပုံသဏ္ဍာန်ဖြင့် ခိုင်းစေခံရသော ကလေးအလုပ်သမားများ ပပျောက်ရေးကို အကူအညီ ပေးနိုင်မည့် ထူးခြားသော စီမံချက်တစ်ခု ဆောင်ရွက်ရန် စကာရစ်ဖ်ရပ်ရွာကောလိပ်မှ လူရွယ် တစ်စုက တဟုန်ထိုးလုပ်ဆောင်နေသည်။ ကလ်အရှေ့ပိုင်း အလယ်တန်းကျောင်းမှ ကျောင်းသား ၂၄ ယောက်သည် စမ်းသပ်အစီအစဉ်တစ်ခုဖေါ်ထုတ်ရေးတွင်ပါဝင်နေပါသည်။ ယင်းအစီအစဉ်သည် ကလေးအလုပ်သမားအရေး ဆွေးနွေးအဖြေရှာရမည့်ကိစ္စများကို လူရွယ်များအတွင်း အသိတရား တိုးပွားရေးကို ဦးတည် ပါသည်။*

ဆွစ်ဇလန်နိုင်ငံ ဂျနီဗာရှိ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (အိုက်အယ်လ်အို)၏ အပြည်ပြည်ဆိုင် ကလေးအလုပ်သမားပပျောက်ရေးအစီအစဉ်က စီမံချက်တစ်ခု ဖေါ်ထုတ်ခဲ့ပါသည်။ သူတို့သည် နမ်ဂရိုက်စ်ဝတ်ဒ် ကိုတာဝန်ပေးခဲ့သည်။ စကာရစ်ဖ်တွင် အခြေချသည့် ဆောင်ရွက်ရေး အကြံပေး ဖြစ်သည်။ ပညာပေးလုပ်ငန်းစု အတွဲများပြုစုရန်ဖြစ်သည်။ ကမ္ဘာအနှံ့ကျောင်းများတွင် အသုံးပြုရန် ဖြစ်သည်။ ကလေးအလုပ်သမား ပြဿနာကို ကိုယ်တွယ်ဖြေရှင်းရန် ကျောင်းများဖြင့် ဆောင်ရွက်ခြင်းသည် အကောင်းဆုံး ဖြစ်သည်ဟု နမ်က ယုံခဲ့သည်။ "ကမ္ဘာနှင့်အဝှမ်း အလုပ်လုပ်နေသော ကလေးများ အခြေအနေကို ပြောင်းလဲမှု တစ်ခု ဖြစ်စေသည့်နည်းမှာ ပညာရေးမှတဆင့် ဆောင်ရွက်ခြင်း ဖြစ်သည်။ အထူးသဖြင့် လူရွယ်များ၏ ပညာရေး ဖြစ်သည်"။

စီမံချက်စမ်းသပ်မှုကို စကာရစ်ဖ်ရပ်ရွာကောလိပ်တွင် စာသင်ဆရာမများဖြင့် အနီးကပ်အတူတကွ ဆောင်ရွက်နေပါသည်။ "ယင်းသည် ကျွန်ုပ်တို့ကျောင်းသားကျောင်းသူများအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်သည့် မဟာအခွင့်အလမ်း တစ်ခုပင် ဖြစ်သည်။ ၎င်းတို့သည် မတူညီမှုတစ်ခုကို ပြုလုပ် နေသည်ဟု ခံစားရနိုင်ပါသည်။ အိုင်ယာလန်နိုင်ငံ ကျေးလက်တောရွာမှ ကျွန်ုပ်တို့ကျောင်းငယ်လေး တစ်စုသည် တကမ္ဘာလုံးအခြေခံကျသည့် ပြောင်းလဲမှု ဖြစ်ပေါ်လာရေးတွင် အဓိက အခန်းမှ ပါဝင်နိုင်သည် ကို တွေးတော ဂုဏ်ယူပါသည်" ဟု စကာရစ်ဖ်ရပ်ရွာကောလိပ်ကျောင်းအုပ် ပီ၊ဂျေ၊မေဆန်က ပြောပါသည်။

စီမံချက်၏ဆန်းသစ်သောအပိုင်းမှာ သင်ရိုးအကုန်လုံးကို လွှမ်းခြုံခြင်းဖြစ်သည်ဟု အစီအစဉ်ညှိနှိုင်းရေးမှူး ဂျီရာလ်ဒင်း ကွန်ဒရင် က ရှင်းပြသည်။ "ကျောင်းသူကျောင်းသားများသည် ကလေးအလုပ်သမားဆိုင်ရာ ဆွေးနွေးအဖြေရှာရမည့်ကိစ္စများကို ရှုဒေါင့်မျိုးစုံမှ ကြည့်ကြသည်။ အနုပညာချိန်တွင် ပိုစတာများ ပြုလုပ်ကြ သည်။ ပထဝီတွင် မရှိနွမ်းပါးမှုဖြစ်ရစေသည့် ဆွေးနွေးအဖြေရှာရမည့်ကိစ္စများ လေ့လာကြသည်။ အင်္ဂလိပ်စာနှင့် အိုင်းရစ်သင်တန်းချိန်များတွင် ကဗျာနှင့် အခြားသက်ဆိုင်သောစာပေကို လေ့လာကြသည်။ ယင်းဆွေးနွေးအဖြေရှာရမည့်ကိစ္စအရေး စကားရည်လုပွဲလည်း လုပ်ကြသည်။ ပဋ္ဌမတန်းနှင့် အတန်းတက် မည့် ပြောင်းမည့်သူများက တက်ရောက်ကြပါသည်"။

စီမံချက်တွင် ပြဇာတ်၊ ဂီတနှင့် ဆန်းသစ်ရေးသားခြင်းတို့ အသုံးပြုပုံများကို အလွန်အလေးပေးမှု ပါဝင်သည်။ ကျောင်းသူကျောင်းသားများသည် ယခုနှစ်တွင်လည်း ပြဇာတ်ပွဲတော်တွင် ထည့်သွင်းရန်အတွက် တင်ဆက်ကပြရန် ဇာတ်လမ်းတစ်ပုဒ်ကိုဒေသတွင်းရှိပြဇာတ်ဒါရိုက်တာဖြင့် ပြင်ဆင် ဆောင်ရွက်နေပါသည်။

စီမံချက်ကို ရပ်ရွာအများအပြားက ကောင်းချီးသြဘာပေးကြပါသည်။ ကလဲရာမြို့နယ် စာကြည့်တိုက်က အင်တာနက်သင်တန်း ပို့ချ ပေးခဲ့သည်။ ကလ်လလို နှင့် စကာရစ်ဖ် စာကြည့်တိုက်များတွင် သုတေသန ပြုရာ တွင် အသုံးဝင်မည့်စာအုပ်များကို သင်တန်းတက်ရောက်ခဲ့သော ကျောင်းသူကျောင်းသားများ ရယူနိုင်ရန် စီစဉ်ပေးခဲ့သည်။

ကမ္ဘာနှင့်အဝှမ်း ကလေးအလုပ်သမားနယ်ပါယ်တွင် လုပ်လိုသည့် မည်သည့်ပြောင်းလဲမှုမဆို နိုင်ငံရေးဖြင့် ဆောင်ရွက်ရပါသည်။ အတန်းပြောင်းတော့မည့်ကျောင်းသားများသည် တိုနီကလ်လန်း တီဒီနှင့် မြို့နယ် ကောင်စီဝင် ပေါလ် ဘဂလာ တို့ကို စကာရစ်ဖ်ရပ်ရွာကောလိပ်သို့ ဖိတ်ခေါ်ခဲ့ပြီး ထိုပြောင်းလဲမှုနှင့် ပတ်သက်၍တင်ပြခဲ့ကြသည်။ ၄င်းတို့ဆောင်ရွက်နေသော အလုပ်များကို မျက်မြင်တွေ့ရှိစေသည်။ နောက်ဆက်တွဲ အနေဖြင့် နိုင်ငံရေးသမားနှစ်ဦးစလုံးက ရပ်ရွာနှင့် နိုင်ငံအဆင့် ယင်းဆွေးနွေး အဖြေရှာရမည့်ကိစ္စနှင့် ပတ်သက်၍ အသိတရားတိုးပွားလာရန်နှင့် ၄င်းတို့ တတ်နိုင်သည်ကို လုပ်သွား မည်ဟု ဝန်ခံဂတိ ပေးခဲ့ ကြသည်။

"ကျောင်းသူကျောင်းသားများ၏ စိတ်အားထက်သန်မှုနှင့် နှစ်မြှုပ်ဆောင်ရွက်မှုတို့သည် ကမ္ဘာအနှံ့နှင့် ဂျီနီဗာ ရှိ အပြည်ပြည်ဆိုင် ကလေးအလုပ်သမားပပျောက်ရေး အစီအစဉ် တွင် အလုပ်လုပ်နေကြသူများအတွက် အားတက်ဖွယ်ဖြစ်သည်" ဟု ဂျီနီဗာအပြည်ပြည်ဆိုင်ကလေးအလုပ်သမားပပျောက်ရေး အစီအစဉ် ညွှန်ကြားရေးမှူး ဖရန်းစ်ရိုစာလီရာ က ပြောသည်။ "ပျိုဖျန်းရွယ်များသည် ၄င်းတို့၏ ဆန်းသစ်မှုနှင့် စိတ်ကူးဖန်တီးမှုများကို အနှောင်အဖွဲ့ကင်းစွာဖြင့် လုပ်ဆောင်မှု ရှိခဲ့လျှင် လူမှုအဖွဲ့အစည်းစရိုန်ထိုး သက်ဝင် လှုပ်ရှားလာစေရေးကို ဦးစီးဆောင် ရွက်နိုင်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ လူ့အခွင့် အရေးဖေါ်ထုတ်သည့် ယဉ်ကျေးမှု တည်ဆောက်ရာ တွင် လူရွယ်များ တာဝန်ယူနိုင်ရေးအတွက် ၄င်းတို့၏ စွမ်းဆောင်ရည်များကို ပညာပေးသူများက ပို၍ အသိ အမှတ် ပြုရန် လိုပါသည်။"

ရေရှည်တွင် စကာရစ်ဖ်ရပ်ရွာကောလိပ်တွင်လက်ရှိဆောင်ရွက်နေသောစီမံချက် အောင်မြင်မှုသည် အရှေ့ကလဲရာ များကျောင်းသားများ၏ ဆွေးနွေးအဖြေရှာရမည့်ကိစ္စရပ်များနှင့်ဆိုင်သော အသိ တရား တိုးပွားရေးကို မည်သို့ ထိရောက်စွာ ဆောင်ရွက်သည်ဆိုခြင်းပင် ဖြစ်လိမ့်မည်။ နိလိုက်ဂ်ဘာကာ က "ကမ္ဘာနှင့်အဝှမ်း အသက် ၁၈နှစ်အောက် ကလေး ၂၄၅သန်း အလုပ်လုပ်နေကြပါသည်။ထိုအထဲမှ ၁၇၉သန်းသည် အဆိုးရွားဆုံးပုံသဏ္ဍာန်ဖြင့် ခိုင်းစေခံနေရသော ကလေးအလုပ်သမားများ ဖြစ်ပါသည်။ ခေါင်းပုံဖြတ်ခံနေရသော ကလေးများ၏ ဝမ်းနည်းကြေကွဲဖွယ်ရာ များကို ကျွန်ုပ်တို့၏ စီမံချက်က ကမ္ဘာလှည့်ပြီး အခြားလူရွယ်များအား ကူညီသင်ကြားပေးပါမည်။ ထိုသို့ သိထားသဖြင့် ၄င်းတို့နှင့် ကျွန်ုပ်တို့သည် မတူညီမှုတစ်ခုကို လုပ်ဆောင်နိုင်မည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်" ဟု ပြောခဲ့သည်။

အပြည်ပြည်ဆိုင် ကလေးအလုပ်သမားပပျောက်ရေး အစီအစဉ် ကို ၁၉၉၂တွင် စတင်ခဲ့သည်။ လုပ်ငန်းအစီ အစဉ်များ၊ သုတေသန၊ မူဝါဒ ဖေါ်ထုတ်ခြင်းနှင့် ပြောင်းလဲ ရေးအတွက် အသိပေးခြင်းတို့ လုပ်ဆောင်ခြင်း ဖြင့် နိုင်ငံအစိုးရများ ကလေးအလုပ်သမား တိုက်ဖျက်ရေး ကူညီဆောင်ရွက်ရန် ဖြစ်သည်။ အပြည်ပြည်ဆိုင် ကလေးအလုပ်သမားပပျောက်ရေး အစီအစဉ် သည် ကမ္ဘာအနှံ့ ၇၄ နိုင်ငံတွင် ဆောင်ရွက်နေပါသည်။

ကလေးအလုပ်သမားကို ရပ်ပစ်

Fundamental Principles and Rights
at Work Branch (FUNDAMENTALS)

International Labour Organization
4 route des Morillons
CH-1211 Geneva 22 – Switzerland
Tel.: +41 (0) 22 799 61 11
Fax: +41 (0) 22 798 86 95

fundamentals@ilo.org - www.ilo.org/childlabour

@ILO_Childlabour



ISBN 978-92-2-831294-2